
# DISO



# Red in Peace

# Chapter 1

"ရှိုင်းသွင် … ရှိုင်းသွင် … ထစမ်း"

"ဟင် … အင်း …"

ပုံမှန်ဆို စာသင်ချိန်အတွင်း လုံးဝ မငိုက်တက်တဲ့အပြင် အိပ်ဖို့ဆိုတာ ကျွန်တော်နဲ့ ဝေးလေစွ …။ မနေ့ညက You Tube မှာ တွေ့တွေ့သမျှ Boy Love Series တွေ ကြည့်ပြီး မနက်ငါးနာရီထိ မအိပ်လိုက်ဘူး ဆိုပါတော့ …။ ကျောင်းက မနက် ၉နာရီဆို တက်ရပြီ။ ကြားထဲ အိပ်ချိန်နှစ်နာရီပဲ ရှိလိုက်တော့ ကျွန်တော် ပထမဆုံး အတန်း တက်ချိန်မှာတင် ဟန်ကို မဆောင်နိုင်ပဲ အိပ်ပျော် သွားလေရဲ့ …။ တော်သေးတာက ကျွန်တော့်မှာ အချစ်ဆုံး သူငယ်ချင်းတစ်ယောက် ရှိနေပေလို့သာ …။

"ဟဲ့ … ရှိုင်းသွင်ရေ … ထတော့ဟဲ့ … င့ါနှယ် အိပ်မက်များ မက်နေသလား"

ကျွန်တော့်အချစ်ဆုံး သူငယ်ချင်း ချစ်ရိပ်မေ ဖြစ်ပါတယ်။ ကျောကုန်းကို တဖတ်ဖတ် ရိုက်ပြီးကို အသားကုန် နှိုးနေတော့တာပါ။

"ဟာ … ငါအိပ်မက်မက်တာ တစ်ဝက်တစ်ပျက်ကြီး …"

ရှိုင်းသွင်တစ်ယောက် ခေါင်းထူလာပြီး မျက်လုံးကို လက်နှစ်ဖက်ဖြင့် အပြိုင် ပွတ်သပ် လိုက်သည်။ ဘေးမှ ချစ်ရိပ်မေကတော့ မျက်မှောင်ကြုတ်ပြီး ကြည့်လို့ …။

"ဆရာ့ကို အားနာပါဦး … ဘယ်လိုဖြစ်လို့လဲ … နင်တစ်ခါမှ ဒီလို မဖြစ်ဖူး

ပါဘူး"

"အွန်း ... ငါ့ညက game အကြာကြီး ဆော့နေမိလို့"

"သွား ... မျက်နှာသွားသစ်ချေ ... အတန်းချိန်ပြီးဖို့က နောက်ထပ် လေးဆယ့်ငါးမိနစ် လိုသေးတယ်"

"အေးပါဟာ ... ငါသွားပါ့မယ်"

ဟုတ်ပါတယ် ... ကျွန်တော် ညာလိုက်မိတယ်။ အရိပ်က ကျွန်တော့်ကို Gay တစ်ယောက် ဖြစ်ခွင့်ပေးမှာ မဟုတ်ဘူး။ ဘာကြောင့်မှန်းရယ် မသိ ... ကျွန်တော်ဟာ ကျွန်တော့်ပုံစံကို လက်မခံတဲ့ အသိုင်းဝိုင်း ပတ်ဝန်းကျင်တစ်ခုမှာ ရှင်သန်မွေးဖွား လာရတယ်။ ဒီတော့ ကျွန်တော်ဟာ ကျွန်တော့် ခံစားချက် အစစ်အမှန်ကို ဖုံးကွယ်နေထိုင်တဲ့ သရုပ်ဆောင်ကောင်း တစ်ယောက် ဖြစ်လာခဲ့တာ ကြာပါပြီ။

ရှိုင်းသွင်တစ်ယောက် မျက်နှာသစ်ရန် သန့်စင်ခန်းဘက်သို့ ခြေဦး လှည့်လာခဲ့သည်။ ကျောင်း၏ Hall လမ်းမပေါ်၌ လူသွားလူလာအချို့ ရှိသော်ငြားဆရာ၊ ဆရာမတွေသာ များသည်။ ရှိုင်းသွင် လှေကားပေါ်မှ ဆင်းလာလာချင်း၌ပင် ကောင်လေးတစ်ယောက်၏ အရှိန်ဖြင့် ဝင်တိုက်ခြင်းကို ခံလိုက်ရသည်။ အရှိန်သည် ပြင်းလွန်း၍ ရှိုင်းသွင် ဖင်ထိုင်လျက် လဲသွားတော့သည်။ တစ်ဖက်မှ ကောင်လေးကတော့ ဘာမှ မဖြစ်သည့်အပြင် ရှိုင်းသွင်ကို တောင် မျက်လုံးစိမ်းကြီးများဖြင့် စားမတက် ဝါးမတက် ကြည့်နေလေရဲ့ ...။

"ဘာပြန်ကြည့်တာလဲ အကန်းကောင်ရဲ့ ... နမော်နမဲ့ နိုင်လိုက်တာ"

အယ် ... သူကလည်း ဝင်တိုက်သေးတယ် ... ကျွန်တော့်ကိုလည်း ရန်စကား လာစနေတယ်။

ရှိုင်းသွင် မတ်တတ် ပြန်ရပ်ကာ ထိုကောင်လေးနှင့် မျက်နှာချင်း ဆိုင်

လိုက်သည်။ နှစ်ယောက်စလုံးက အရပ်အနေအထား မတိမ်းမယိမ်း ဖြစ်သော်လည်း တစ်ဖက်မှ ကောင်လေးက နှာတစ်ဖျား သာသာတော့ မြင့်နေသေးသည်။

"မင်းက ငါ့ကို ဝင်တိုက်တာကို ဘာလို့ အကန်းကောင်လို့ လာခေါ်ရတာလဲ"

"ဘာလဲ ... မင်းက မကျေနပ်ဘူးလား"

"တကယ့်ကို ဘလိုင်းကြီးနော်"

"အေး ... ဘလိုင်းကြီးဆိုလည်း ဘလိုင်းကြီးလိုက် ... ဖယ်စမ်း လောလောဆယ် ငါ့ရှေ့ကနေ"

ထိုသို့ပြောကာ ရှိုင်းသွင်ကို ထပ်ပြီး နောက်တစ်ခါ ပြန်တွန်းသွားလေရဲ့ ...။

"အရိုင်းစိုင်းကောင်"

ဘယ်လိုတောင် ရိုင်းစိုင်းတဲ့သူပါလိမ့် ... final ကပဲလား ... သူ့ပုံကြည့်ရတာ ဂျူနီယာတော့ မဟုတ်ဘူး။ ဒါပေမဲ့လည်း တစ်ခါမှ မမြင်ဖူးဘူး။ အေးပေါ့ ... ကျောင်းက အကျယ်ကြီးကို ဘယ်လို မြင်ဖူးမှာလဲ ... တစ်ခြား major ကလည်း ဖြစ်ရင်ဖြစ်နိုင်တာပဲ ... နေပါဦး ... ဒီအရိုင်းစိုင်းကောင် အကြောင်း စဉ်းစားတာ ရပ်သင့်ပြီ ... ငါ့ခေါင်းထဲ မကောင်းတဲ့ အကြောင်းတွေ မထည့်ဘူး။

ရှိုင်းသွင်သည် Business Major မှ final ကျောင်းသား တစ်ယောက်ဖြစ်သည်။ Music နှင့် History ကိုလည်း minor ဘာသာရပ်အနေနဲ့ ယူထားသေးသည်။ ရှိုင်းသွင်သည် စာတော်၍ စာကြိုးစားသူ ဖြစ်သည်။ အနေအထိုင် တည်ငြိမ်သော်လည်း လူငယ်သဘာဝနှင့် အညီတော့နေသည်

... အဘိုးအို ပေါက်စတော့ မဟုတ်။ သို့သော် သူငယ်ချင်း များများစားစား တော့မရှိ ... တမင်လည်း မထားခြင်း ဖြစ်သည်။ အပေါင်းအသင်း သိပ်မ မက်သည့် သူမျိုးဖြစ်သည်။ ချစ်ရိပ်မေကတော့ အထက်တန်း ကျောင်း တည်းက ခင်မင်လာခဲ့သူဖြစ်ပြီး အချစ်ဆုံး သူငယ်ချင်းလည်းဖြစ်သည်။

***

"နေ့လည်စာ ဘာစားရင် ကောင်းမလဲ ... ငါထမင်း သိပ်မစားချင်ဘူး"

"အပြင်မှာ သွားစားဖို့တော့ မဖြစ်နိုင်ဘူး ... နောက်အတန်းချိန်က တစ်နာရီ ဆယ့်ငါး ပြန်စမှာ ... အခုပဲ ၁၂နာရီ ခွဲနေပြီ ... ထမင်းမစားချင်လည်း စွပ်ပြုတ်ဖြစ်ဖြစ် သောက်လိုက်ပေါ့"

ကျွန်တော့် ဘေးတွင် ကပ်ပါးကောင်လို မှီတွယ်ကပ်ပြီး ဒရွတ်တိုက်ပါလာသော အရိပ်ကို ကြည့်ကာ ပြောလိုက်သည်။

နေ့လယ်စာ စားချိန်ဖြစ်သည့်အတွက် ကန်တင်း၌ လူသူ ထူထပ်နေသည်။ အသံပေါင်း များစွာနှင့်လည်း ဆူညံပွက်လောရိုက်နေသည်။ စားစရာ ထယူသူက ယူနှင့်ဆိုတော့ မျက်စိရှေ့တွင် ရှုပ်ယှက်ကို ခတ်နေတော့သည်။

"ဟိုမှာ ... ကိုကို ထိုင်နေတယ် ... သွားမယ် အဲဒီကို"

ချစ်ရိပ်မေက သူ့ချစ်သူကောင်လေး ထိုင်နေသည့် ဝိုင်းကို လက်ညှိုးထိုးကာ ပြသည်။

"သွားနှင့်လေ ... ဘာစားမှာလဲပြော ... ငါတစ်ခါတည်း ယူလာပေးမယ်"

"မစားချင်ဘူးဆို ... ငါဟိုဟိုဒီဒီ လျှောက်နှိုက်စားမယ်"

"အေး ... ပြီးတာပဲ... သွားနှင့်နော်"

"အင်း ..."

ကျွန်တော့်ဘေးမှ အရိပ် ထွက်သွားသည်နှင့် ဘာစားရင်ကောင်းမလဲ

တွေးပြီး ကန်တင်းထဲ လိုက်ပတ် ကြည့်နေမိသည်။ နောက်ဆုံးတော့ အာလူးထမင်းနယ် တစ်ပန်းကန်နှင့် မြင်းခွာရွက်ဟင်းချို ယူကာ သခွားသီး တစ်လုံးပါ လင်ဗန်းထဲ ကောက်ထည့် လာလိုက်သည်။ ထို့နောက်တော့ အရိပ်တို့ ရှိနေသည့် နေရာသို့ လျှောက်လာခဲ့သည်။

"ဟယ်လို ... ဒီနေ့မင်းတို့ ဘောလုံး မကန်ရဘူးလား"

"ငါတို့ကို တစ်ရက်တလေလောက် အနားပေးပါဦး"

ရှိုင်းသွင်အား စည်သူက ပခုံးကို လက်ဖြင့် ရိုက်လိုက်ရင်း ပြန်ဖြေသည်။

"အေးနော် ... မင်းတို့က ပြိုင်ပွဲနီးပြီဆိုတော့ အတော်ပင်ပန်းမှာ ... လေ့ကျင့်ရေးကွင်းက နေကလည်း ပူသေးတယ်မလား"

"အေးကွာ ... sun screen ဘယ်လောက် သုံးသုံး ငါ့အသားရည်သာ ကြည့်တော့ ... မီးသွေးနဲ့ မှားတော့မယ်"

ဝေယံက စိတ်ပျက်လက်ပျက်ဖြင့် သူ့လက်ကို ဆန့်ထုတ်ပြကာ ပြောသည်။ ထိုသို့ပြောတော့ ကျွန်တော်တို့ မျက်နှာတွေအားလုံးက ပြုံးစိစိ တွေ ဖြစ်ကုန်ကြသည်။ ဝေယံဆိုတာ နဂိုတည်းကမှ အသားရေသည် ဒီ အခြေနေပဲလေ။

"မင်းအသားရည်က ဘယ်တုန်းက အရောင်ပြောင်းလို့ မီးသွေးနဲ့တောင် မှားရမှာလဲ ... နဂိုတည်းက ဒီအရောင်ပဲကို"

ချစ်ရိပ်မေ၏ ချစ်သူ ကျော်မင်းသူက ဟက်ဟက်ပက်ပက် ရယ်ကာ ပြန်ပြော လိုက်သည်။ ထိုသို့ပြောမှ ဝေယံက ကျွန်တော့်လက်နှင့် သူ့လက် ကို လာတိုက်ကြည့်ကာ ...

"ငါလည်း မင်းလို သွေးမရှိအောင် ဖြူနေရင်ကောင်းမယ်"

"တကယ်တော့ အဲဒါက မကောင်းပါဘူး ... မသိရင် သွေးစုတ်ဖုတ်ကောင်

လိုပဲ"

ရှိုင်းသွင်သည် သူငယ်ချင်းအုပ်စုထဲတွင် အသားရည်၏ ထူးခြားလှပမှုကတော့ နာမည်ကြီး၏။

"ရှိုင်း ... ငါ့ကို ခွဲ့ကျွေး ..."

အရိပ်က ကျွန်တော့်လက်ကို လာပုတ်ရင်း ပါးစပ်ဟပြကာ အာလူးထမင်းနယ်ကို ခွံ့ကျွေးခိုင်း၏။ မသိလျှင် ကလေးတစ်ယောက်လိုပင် ... ကျွန်တော် ဇွန်းဖြင့် အနေတော် ခပ်ယူကာ အရိပ်ကို ခွံ့ကျွေးလိုက်သည်။ ပြီးမှ သတိရတာက သူ့ဘေးတွင် ကျော်မင်းသူကြီး တစ်ယောက်လုံး ထိုင်နေသည် မဟုတ်ပါလား။ အရိပ်ကတော့ အရင်တည်းက ကျွန်တော်နှင့် ထိုသို့ နေတတ်ပေမဲ့လို့ အခုချိန်မှာ သူက ချစ်သူရှိနေပြီလေ ... အရှေ့မှာလည်း အရိပ်ကောင်လေး တော်တော်များများနှင့် ပြတ်စဲဖူးသည်။ အကြောင်းကတော့ ကျွန်တော်ပေါ့ ... ကျွန်တော်နဲ့ သူက တပူးပူး တတွဲတွဲ နေကြလွန်းတော့ သဝန်တိုကြသည်ပေါ့ ... နောက်တစ်ချက်က အရိပ်အမြဲတမ်း ပထမ ဦးစားပေးသူက ကျွန်တော်ပင် ...။ ထို့ကြောင့် တစ်ခါတလေ ကျော်မင်းသူရှေ့ အတော်ကို အနေထိုင်က ဆင်ခြင်ရသည်။ ဒါကို အဲဒီ အရိပ်မက အရိပ်သုံးပါး နားမလည် ...။

"အဟမ်း ..."

ကျော်မင်းသူ ချောင်းဟန့်လိုက်တော့ အရိပ်က သဘောပေါက်သွားဟန်ဖြင့် ကျွန်တော့် မျက်နှာကို တစ်ချက်ကြည့်သည်။ ပြီးမှ ကျော်မင်းသူဘေးသို့ ပြန်ကပ်ကာ ထိုင်ရင်း ...

"ကိုကို အရိပ်ကို ရေဘူးလေး သွားမယူပေးချင်ဘူးလား ... အရိပ် ရေဆာတယ်"

"အင်း ... ကိုယ်သွားယူပေးမယ်"

အားလုံးက ချစ်ရိပ်မေကို ကျွန်တော် ခေါ်သလို အရိပ်ဟုပင် ခေါ်ကြသည်။ ကျွန်တော့်ကိုလည်း အရိပ်ခေါ်သလို ရှိုင်းဟုသာ ခေါ်သည်။ စည်သူနှင့် ဝေယံတို့သည် ကျော်မင်းသူ သူငယ်ချင်းများ ဖြစ်သည်။ အရိပ်နဲ့ ကျော်မင်းသူ ချစ်သူတွေဖြစ်တော့ ကျွန်တော်လည်း သူတို့အဖွဲ့နှင့် ခင်မင်လာခဲ့သည်။ ကျွန်တော့်ကိုလည်း သူတို့အမှန်တကယ် ခင်ရှာပါသည်။ တစ်ခါတလေ အရိပ်နှင့် ကျွန်တော့်ကို ကျော်မင်းသူ အထင်လွဲလွဲနေတတ်တာက လွဲလို့ ကျန်တာ အားလုံး အဆင်ပြေပြေ ရှိကြပါတယ်။

"ကဲရော့ ... အရိပ်နဲ့ အရိပ်အချစ်တော်အတွက်"

ကျော်မင်းသူက ရေဘူးနှစ်ဘူးဖြင့် ပြန်ရောက်လာကာ ရှိုင်းသွင်နှင့် ချစ်ရိပ်မေရှေ့ တစ်ဘူးစီ ချပေးသည်။

"အရိပ် အချစ်တော်က ကိုကိုပါနော် ..."

အရိပ်က ကျော်မင်းသူပါးကို ဖျတ်ခနဲ နမ်းကာ ပြောလိုက်သည်။ အရိပ်ရဲ့ ချွဲတက်မှုတို့ကြောင့် ကျော်မင်းသူ မျက်နှာက တစ်ဖန် ပြန်ရွှင်လာသည်။ ကျွန်တော်ကတော့ မသိမသာ ပြုံးမိသည်။ စည်သူနှင့် ဝေယံကတော့ ချောင်းတဟန့်ဟန့်ဖြင့် ...။

ရှိုင်းသွင် ရေဘူးကို ဖွင့်ဖောက်ကာ မော့သောက်လိုက်ပြီး ဘာရယ်မဟုတ် အကြည့်က မျက်စိရှေ့ တည့်တည့် စားပွဲဝိုင်းဘက်သို့ ရောက်သွားသည်။ အကြည့်တို့ ရောက်သွားသည်နှင့် ရှိုင်းသွင် ကြက်သီးများ ဖြန်းခနဲ ထသွားသည်။ မနက်က ဝင်တိုက်ခဲ့သည့် ကောင်လေးက သူ့ကို စိုက်ကြည့်နေတာ ပြာကျမတက် ...။

ဘယ်လိုတောင် အဲဒီလို အစိမ်းလိုက်ကြီး ကြည့်နေတာလဲ ... အရိုင်းစိုင်း

ကောင်လို့များ ငါထပ်ပြောလိုက်တာကို ကြားသွားတာလား။

ရှိုင်းသွင်သည် သူတစ်ယောက်တည်း အဲဒီလိုကြည့်နေတာဆို လန့်မှာ မဟုတ် ... အခုက ထိုကောင်လေး ထိုင်နေသည့်ဝိုင်းရှိ သူအားလုံးသည် ကျောင်းတွင် လူဆိုးစာရင်း သွင်းထားပြီး ကျောင်းစောင့်များနှင့် ဆရာများ က မျက်စိဒေါက်ထောက် ကြည့်နေရသည့် အဖွဲ့ဖြစ်သည်။ ရန်ပွဲဆိုသူတို့ အဖွဲ့ပင် ... သူများကို အနိုင်ကျင့်တာ ကြည့်ဦးမလား သူတို့အဖွဲ့ပင် ... အဲဒီ လိုအဖွဲ့နှင့် ဒီကောင်လေး အတူ ထိုင်နေတည်းကိုက ရှိုင်းသွင် သိလိုက်ပါပြီ ... သူ့အခြေနေက ဘယ်လိုလဲ ဆိုတာကို ...။ ရှိုင်းသွင် အကြည့်တွေ အမြန် ပြန်လွှဲပြီး ထမင်းသာ ငုံ့စားနေလိုက်တော့သည်။ သို့သော် အကြည့်ပိုင်ရှင် သည် မျက်နှာ မလွှဲသေးပါ ...။

***

နောက်အတန်းချိန်သည် တစ်နာရီဆယ့်ငါးတွင် ပြန်စမည်ဆိုသော်လည်း ထမင်းစားပြီးခါစ ကျွန်တော်သည် အတန်းထဲ ပြန်ဝင်ထိုင်ပြီး အိပ်မငိုက် ချင်တော့ပါ။ ထို့ကြောင့် အတန်းလစ်ကာ အားကစားရုံဘက်၌ အမိုးအကာ ကောင်းကောင်း အောက်တွင်ရှိသော ထိုင်ခုံတန်းလျားများ ပေါ်တွင် လွယ်အိတ် ခေါင်းအုံးကာဖြင့် ဇိမ်ကျကျ အိပ်နေလိုက်သည်။ လေတဖြူးဖြူး ဖြင့် အရမ်းအိပ်ချင်နေသည့် အချိန်တွင် စိတ်ချလက်ချ အိပ်နေရသော အရသာသည် ဘာနှင့်မျှ မလဲနိုင်ပါ။

ကျွန်တော့် စိတ်အတွေးထဲ ညက ကြည့်ထားခဲ့သော BL series များ၏ ပုံ ရိပ်များသည် အစီအရီ ဖြတ်ပြေးနေကြပြီး အိပ်မက် မက်နေတာလား တွေး နေတာလား ဝေခွဲ၍ မရတော့။ ဘာပဲဖြစ်ဖြစ် ကျွန်တော့် စိတ်အစဉ်က ထို အတွေးနယ်ပယ်ထဲ စီးမြောနေမိသည်။ ထိုစဉ် ကျွန်တော့် မျက်နှာပေါ်သို့ အမှုန်တချို့ ပြုတ်ကျလာနေသည်။ ဒါအိပ်မက်တော့ မဟုတ်လောက်ဘူး

ထင်သည်။ တကယ် ခံစားနေရသလိုကြီးကို ဖြစ်နေတာ ...။

ရှိုင်းသွင် မျက်စိ ဖွင့်ကြည့်တော့ မျက်နှာပေါ်ကျနေသည့် အမှုန်များသည် အခြားကြောင့်တော့ မဟုတ် ... ဆေးလိပ်ပြာများပင် ...။ မျက်လုံးထဲသို့ အမှုန်တချို့ ဝင်သွားသောကြောင့် မျက်လုံးကို အမြန် ပွတ်သပ်ကာ အိပ်နေရာမှ ကောက်ကာငင်ကာ ထထိုင် လိုက်သည်။

"မင်း ... အဲဒါဘာလုပ်တာလဲကွ"

ရှိုင်းသွင်ကို လာနှောင့်ယှက်သူကတော့ အခြားသူမဟုတ် ... မနက်က ဝင်တိုက်ခဲ့သည့်သူ ... သူတစ်ယောက်တည်းလည်း မဟုတ် ... လူဆိုးအဖွဲ့နှင့် ...။ ရှိုင်းသွင်က စိတ်ဆိုးဆိုးဖြင့် အော်လိုက်တော့ သူက ရယ်သည်။

"အိပ်နေတယ်ထင်လို့ နှိုးပေးတာလေ ဒီအရိုင်းစိုင်းကောင်က"

ဟင် ... သူတကယ် ကြားသွားတာပဲ ... သူ့နောက်မှာက ဟိုအဖွဲ့နဲ့ ... ကျွန်တော် သေတော့မှာလား။

ရန်မဖြစ်ဘူးသော ရှိုင်းသွင်တစ်ယောက် ကြောက်ဟန်လည်းမပြရဲ ... ကြောက်ရင် ပိုဖြခြောက်မယ်မလား။

"အိပ်ငိုက်နေတုန်းလား ... ဘာလို့ အသေကောင်လို ငြိမ်သွားရတာလဲ ... ဟက် ... ကြောက်လို့လား"

ထိုင်ခနဲက ရွဲ့သလို စောင်းသလို ပြောလိုက်တော့ ...

"ငါက ဘာလို့ ကြောက်ရမှာလဲ"

ရှိုင်းသွင် ပြောပြောဆိုဆိုဖြင့် လွယ်အိတ်ကောက်ဆွဲကာ မတ်တတ် ရပ်လိုက်သည်။ အိပ်ချင်စိတ် တွေတောင် ဘယ်နားကို လွင့်သွားမှန်းမသိ ... အလကားနေ ရန်လာစနေသော ထိုအဖွဲ့နှင့် ဝေးသည့် တစ်နေရာသို့ အမြန်ထွက်သွားရမည်။ သို့ပေမဲ့ ရှိုင်းသွင် ရှေ့တည့်တည့်၌ အရိုင်းစိုင်းကောင်

လေးက ပိတ်ရပ်ထားသည်။ အနောက်တွင်လည်း သူ့သူငယ်ချင်း အဖွဲ့ရှိသည်။ ပြောရလျှင် ချောင်ပိတ် မိနေသည်ပေ့ါ။

"ဘယ်ပြေးမလို့တုန်း ... စကားတောင် အေးဆေး မပြောရသေးဘူး"

"ဒီမှာ ... ဘာစကားမှကို ပြောစရာကို မလိုတာ ... ငါ့ဟာငါ သွားချင်သွားမယ် ... မသွားချင် မသွားဘူး ... ဖယ်စမ်းကွာ ... ငါ့ရှေ့က"

ရှိုင်းသွင် ဘာပြောပြော သူ့ရှေ့က တစ်ယောက်သော သူက စီးကရက်ကို ဟန်ပါပါ သောက်နေဆဲ ... ကျောင်းဝင်းအတွင်း ဆေးလိပ်သောက်ခွင့်၊ အရက်သောက်ခွင့်၊ ဆေးသုံးခွင့် မရှိသော်လည်း ဒီလို အနောက်ဘက် နည်းနည်းကျနေတဲ့ အားကစားရုံ ဘက်မှာတော့ အဲဒီစည်းမျဉ်းတွေက ဘောင်မဝင် သလိုပင်။ ဒီဘက်ကိုလည်း အမြဲတမ်း လာစောင့်ကြည့်နေသည့်သူမှ သိပ်မရှိဘဲ။

"မနက်က ငါ့ကို ဝင်တိုက်ပြီး ငါ့ကို အရိုင်းစိုင်းကောင်လို့ ပြောတဲ့အတွက် ပြန်တောင်းပန်မှ မင်းဒီနေရာက ထွက်သွားလို့ရမယ်"

"သေလိုက်လေ ... ဘယ်သူက ဘယ်သူ့ကို တောင်းပန်ရမှာလဲ"

သူက ရှိုင်းသွင်ကို မျက်မှောင်ကြုတ် ကြည့်သည်။ ပြီးနောက် မဲ့ပြုံး တစ်ချက်ပြုံးကာ ...

"မင်းတော့ ငါ့အကြောင်းကို မသိသေးလို့ စကားတတ်နေတာဖြစ်မယ်"

"မင်းအကြောင်း သိတော့ရော မင်းကိုငါက ရှိခိုးနေရမှာလား"

"လုပ်သင့်ရင် လုပ်ရမှာပေ့ါ"

"ဆုတောင်းလေ"

ရှိုင်းသွင် ဘာမှ မလုပ်နိုင်လိုက်ခင်မှာ လွယ်အိတ်ကို သူက ဆတ်ခနဲ ဆွဲယူကာ အဝေးကို လွှင့်ပစ် လိုက်သည်။ ရှိုင်းသွင်ခမျာ ပါးစပ်လေး

အဟောင်းသား ဖြစ်သွားသည်။

"မင်းကကွာ မစားခင် ဆော့နေသေးတဲ့ ကျားလိုပဲ"

ထိုစဉ် ရှိုင်းသွင် အနောက်က အဖွဲ့ထဲမှ အသံ ထွက်လာသည်။ သို့ပေမဲ့ မထင်မှတ်စွာနဲ့ ရှိုင်းသွင် ရယ်မိလိုက်သည်။ သူ့ကိုယ်သူ ထိန်းထားပါသေးတယ် ... နောက်တော့ နေလို့မရတော့ ... ဒီလို အခြေနေမှာတောင် ရယ်နေသည့် သူ့ကို အားလုံးက နားမလည်စွာ ကြည့်ကြသည်။

"ဘာရယ်တာလဲ ဟေ့ကောင်"

"မင်းက ငါးနှစ်သားလား ... ဘာကိစ္စ မဆိုင်တဲ့ လွယ်အိတ်ကို လွှင့်ပစ်ရတာတုန်း ... ကလေး အချင်းချင်းရန်ဖြစ်ပြီး မနိုင်နိုင်ရာ အားပြိုင်နေသလိုပဲ"

သို့မှ ရှိုင်းသွင် ရှေ့မှသူက နားလည်သွားဟန်ဖြင့် ရယ်လိုက်ရင်း ရှိုင်းသွင်၏ ဗိုက်ကို ရုတ်တရက် လက်သီးဖြင့် တစ်ချက် ထိုးလိုက်သည်။

"ကဲ ... ဒါဆို ကလေးတွေ ရန်ဖြစ်တာနဲ့ မတူတော့ဘူးမလား"

နာသလား၊ မနာသလားတော့မသိ ... ရှိုင်းသွင် မတ်တတ် ရပ်နေရာမှ ထိုင်လျက်သား ပြန်ဖြစ်သွားသည်။ တကယ့် ချက်ကောင်းကိုမှ ဒီအရိုင်းစိုင်းကောင်က ထိုးချလိုက်တာပဲ။

ရှိုင်းသွင် ထင်လိုက်သည်က သူ့ကိုအုပ်စုလိုက် ဝိုင်းဆော် ကြတော့မည်ပေါ့ ... သို့သော် အရိုင်းကောင်လေးက သူ့နားဆီသို့ မျက်နှာကို ကပ်လာရင်း ပြောလိုက်သည်က ...

"ငါ့နာမည် မင်းဒသ ... နောက်ဆို သတိထားပေါ့"

ထိုသို့ပြောကာ သူ့လက်ထဲမှ စီးကရက်တိုကို ရှိုင်းသွင် မျက်နှာ တည့်တည့်ကို ပစ်ပေါက် လိုက်သည်။ ရှိုင်းသွင် အနည်းငယ်တော့ လန့်သွား

သည်။ စီးကရက်က မီးမသေ သေးမှာကိုပေါ့ ... သို့ပေမဲ့ မီးက သေနေပါပြီ။ ပြီးနောက် မင်းဒသတို့အဖွဲ့ နေရာမှ ပြန်ထွက်သွားသည်။

"ဟင့် ... မင်းဒသတဲ့ ... လိုက်တယ် ... နာမည်နဲ့ အတော်ကို လိုက်တယ် ... ဘီလူးလို လူစားမျိုး"

ရှိုင်းသွင် သူ့ဗိုက်သူပွတ်ကာ တော်တော်လေး ကြာမှ ပြန်ထနိုင်သည်။ သူ့ကိုယ်သူ အတော် အားနည်းသည်ဟု တွေးမိပြီး စိတ်တောင် ညစ်သွားသည်။ မင်းဒသ လွှင့်ပစ်လိုက်သည့် သူ့သနားစရာ လွယ်အိတ်လေးကို သွားပြန်ကောက်ရသေးသည်။

ဒီအကြောင်းကို အရိပ်တို့ ... ကျော်မင်းသူတို့ကို ပြန်မပြောရဲ ... ပြန်ပြောလျှင် ရန်ပွဲက အတော်သတ်တော့မည် မဟုတ် ... အရိပ်ကလည်း ကျွန်တော့်ကို ထိလျှင် ယောကျ်ား မိန်းမ မရွေး ငြိမ်မခံသလို ကျော်မင်းသူကလည်း အရိပ်ကို ထိလျှင် ငြိမ်နေမည့်သူမဟုတ် ... ဆိုတော့ ကျွန်တော် အရိပ်ကို မပြောမိဖို့က အရေးကြီးဆုံးပဲ။

ဒါပေမဲ့ နောက်နေ့တွေ ဒီအဖွဲ့က ကျွန်တော့်ကို လိုက် ပြဿနာ ရှာနေကြဦးမှာလား။ သူတို့ အကြောင်းကို သိတယ်။ တော်တော်ကို သိတာ ... ဟိုဘီလူးကောင်က ကျောင်းသား အသစ်များလား ... ဖြစ်တော့ ဖြစ်နိုင်တယ်။ ဘယ်သူမှ တော်ရုံမခေါ်ရဲ မပြောရဲတဲ့ အဖွဲ့ကိုမှ သူငယ်ချင်း ဖြစ်နေတယ်ဆိုတော့ major ပြောင်းလာတာ မဟုတ်ရင် ကျောင်းပြောင်းလာတာပဲ။ နောက်နေ့တွေ ကျွန်တော့်ဆီ လာပြီး အကြောင်းမရှိ အကြောင်းရှာ အနိုင်လာမကျင့်ဖို့ပဲ ဆုတောင်းပါတယ်။

ရှိုင်းသွင်ဆီမှ ထွက်လာခဲ့သော မင်းဒသတို့ အုပ်စုသည်လည်း ...

"ဒသ ... မင်းဘာလို့ အဲဒီကောင်ကို လွှတ်ပေး လိုက်တာလဲ"

"သူဘာမှ ပြန်မလုပ်နိုင်ဘူးဆိုတာ ငါသိနေလို့ ... ငါက ငါနဲ့ ပြန်တိုက်မှ fight ချင်တာ ... အနိုင်ကျင့်သလို ပုံစံမျိုးနဲ့ ဘာမှ ပြန်မလုပ်တဲ့သူကို ငါဘာမှ မလုပ်ဘူး ... ဒီကောင့်ကို ငါ့အကြောင်း သိအောင် ပြလိုက်တာပဲရှိတယ်"

မင်းဒသက ဘောင်းဘီအိတ်ထဲ လက်ထည့်ကာ ခပ်အေးအေးပင် လမ်းလျှောက်လျက် ရှင်းပြသည်။

"ဟုတ်ပြီ ... ငါတို့တစ်ယောက်နဲ့ တစ်ယောက် ပိုရင်းနှီးအောင် ပြန်ရင်သွားသောက်ကြမယ် ... ဒသ ကလည်း ဒီနေ့မှ ငါတို့ကျောင်းကို ရောက်လာတဲ့ သူမလား ... ဂုဏ်ပြုရအောင်"

"သဘောတူတယ်"

အားလုံးက ထောက်ခံသည့် အနေဖြင့် ဝိုင်းပြောကြတော့ မင်းဒသ ခေါင်းညိတ်ပြလိုက်သည်။ မင်းဒသသည် ထိုအဖွဲ့နှင့် မတူသည့်အချက်က အားနည်းသူကို အနိုင်မကျင့်တက် ... သူနှင့် တည့်တည့်လာတွေ့သည့် သူမျိုးဆိုလျှင်တော့ သေသေရှင်ရှင် ဂရုမစိုက် ... သူ့ဘက်က အပြတ်ရှင်းသည်။ ထို့ကြောင့်လည်း သူ့ဘေးတွင် ရန်သူများ၏။ ကျောင်းကလည်း ခဏခဏ ပြောင်းရလိုက် ... အထုတ်ခံရလိုက် နှင့်ပဲ သံသရာ လည်နေသည်။

မည်သို့ပင် ဆိုစေကာမူ မင်းဒသသည် အနေအထိုင် သိုသပ်၏။ သူ့အကြောင်းကို လူတချို့က အပေါ်ယံပဲ မြင်တတ်ကြသည် ... ဆိုးသည်၊ ပေတေသည်ပေါ့။ သို့သော် မင်းဒသသည် ဤမျှလောက် မရိုးရှင်းပေ ...။ တကယ့်ကို နာမည်နှင့် လိုက်ဖက်သည့် လူစားမျိုး။

***

## Chapter 2

ထွန်းလင်းစ နေရောင်၏ တောက်ပသည့် အရှိန်ကြောင့် ကျွန်တော် လန်းဆန်းစွာနှင့် နိုးလာခဲ့သည်။ ဒီနေ့တော့ Alarm မမြည်ခင် ထသည့်နေ့မို့ နာရီကို alarm off ကြိုလုပ် နိုင်လိုက်ပြီး ခုတင်ပေါ်မှာ ခဏ ထိုင်နေမိသေးသည်။ နံရံမှာ ကပ်ထားသည့် စာရွက်ပေါ်တွင် ဒီနေ့ တက်ရမည့် အတန်းချိန်များကို ကြည့်လိုက်တော့ Music အချိန် ပါနေသည်ပင် ...။ major အချိန်များ သိပ်မရှိတော့ စိတ်သက်သာရာ ရသလိုတောင် ခံစား သွားရသည်။

"Bro ... ထပြီလား"

အခန်းတံခါး ခေါက်သံကြောင့် ရှိုင်းသွင် အိပ်ရာပေါ်မှ ထကာ မတ်တတ်ရပ်လိုက်ပြီး ...

"အေး ... နိုးနေပြီ"

သူ့ကို လာနှိုးသူကတော့ သူ့ရဲ့ တစ်ဦးတည်းသော ညီလေး ရှိုင်းယံ ...။ ရှိုင်းယံသည် ရှိုင်းသွင်ထက် ခြောက်နှစ်ငယ်သည်။ သို့သော် ရှိုင်းသွင်ထက် လူကောင် ကြီးသည်။ မသိသည့် သူများက ရှိုင်းယံကို အကြီးဟုသာ ထင်ကြသည်။ နောက်ပြီး ရုပ်တွေကလည်း မဆင်ကြ ... ရှိုင်းသွင်သည် အမေတူပြီး ရှိုင်းယံက အဖေတူသည်။ ရှိုင်းသွင်၏ အသားရေသည် သွေးမရှိအောင် ဖြူဖွေးပြီး ရှိုင်းယံကတော့ ညိုညက်သည့် အသားရေဖြင့် ယောကျ်ားပီသသည့် ပုံစံက အပြည့် ... တစ်ခါတလေတော့ ကိုယ့်ညီကို အားပြန်ကျရသည့် အချိန်က ရှိုင်းသွင်တွင် ရှိနေသေးသည်။

ရှိုင်းသွင်သည် ကျောင်းသွားရန်အတွက် ရေမိုးချိုး ပြင်ဆင်ပြီးသည်နှင့် လွယ်အိတ်တစ်ဖက် ဂစ်တာအိတ် တစ်ဖက်လွယ်ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ထမင်းစားခန်းတွင်တော့ မိသားစု လူစုံတက်စုံ ရှိနေကြသည်။ ထိုအချက်က ထူးခြားသည့် အချက်ပင် ... ရှိုင်းသွင်တို့ မိဘများသည် ခရီးသွားနေကြတာက များသည်။

အဖေဖြစ်သူသည် ပြည်ထောင်စု ရှေ့နေချုပ်ရုံး၌ တာဝန် ထမ်းဆောင်နေရသော အရာရှိ ဖြစ်သည်။ ထို့ကြောင့် နေပြည်တော်နှင့် ရန်ကုန်ကို အပြန်ပြန် အလှန်လှန် ကူးသန်းနေရသည်။ အမေဖြစ်သူသည် အိမ်အတွင်းအပြင် decorationနှင့် designer တစ်ယောက် ဖြစ်သည်။ company အသေးစားလေးက အောင်မြင်လာသည်နှင့်အမျှ customer ငှါးသည့် နောက်သို့ လိုက်ရသည်။ ဒီလောက် အလုပ်များနေသည့် သူတို့နှစ်ယောက် ဘယ်လို တွေ့ဖြစ်ကြလဲတော့ တစ်ခါမျှ မေးမကြည့်ဘူးခဲ့ ...။

"ဒီနေ့ စုံစုံလင်လင် ရှိလို့ပါလား"

ရှိုင်းသွင်သည် အမေဖြစ်သူ၏ ဘေးတွင် ကပ်ထိုင်လိုက်ရင်း စကားစလိုက်သည်။

"ဟုတ်ပ့ါ ... ဟုတ်ပ့ါ ... သားဖေဖေလည်း ဒီနေ့ နားရက်လေး ရတယ်လေ ... မေမေလည်း ဒီနေ့ company ပိတ်ပေးထားလို့ ... ရုံးက ကလေးတွေလည်း နယ်ဘက် သွားလိုက်ရတာနဲ့ အတော် ပင်ပန်းနေကြပြီလေ"

"နားရက်က သားတို့ ကျောင်းပိတ်ရက်လေး ဖြစ်ရမှာ ... ဒါမှ မိသားစုလိုက် လျှောက်လည်တာ ဖြစ်ဖြစ်လေး လုပ်ရမှာ"

"ဒါများ ကျောင်းပျက်လိုက်ပေ့ါ"

ရှိုင်းသွင် စကားကို ရှိုင်းယံက ဖြတ်ပြောသည်။

"ငါက မင်းလို ကျောင်းပြေး မဟုတ်ဘူးကွ ... ငါ့မှာ ပြိုင်ပွဲအတွက် လေ့ကျင့်ရသေးတယ် ... စာကလည်း လုပ်ရသေးတယ်"

"ဒါကလည်း ကိုယ့်အပူနဲ့ ကိုယ်ပဲလေ"

"တော်ပြီ ... တော်ပြီ ... ညီအစ်ကိုနှစ်ယောက်ဟာလေ တွေ့တာနဲ့ စကား များဖို့ပဲ"

ကြားထဲ အမေဖြစ်သူက ဝင်ဟန့်တော့မှ ငြိမ်သွားကြသည်။

"သားကြီးက ဘယ်နေ့ပြိုင်ရမှာလဲ"

ဦးမိုးယံက သတင်းစာ ဖတ်နေရင်း မေးလိုက်သည်။

"နောက်လထဲလို့တော့ ပြောတယ် ... ရက်ကတော့ သေချာ မသိသေးဘူး ... ဘာလဲ ... ဖေဖေ လာမလို့လား"

"သားကြီးပြောရင်တော့ ဖေဖေ စဉ်းစားလို့ရတာပေါ့"

"Ok ... ဒါဆို ရက်သိရတာနဲ့ သားကြီးပြောမယ်"

"ယံယံကရော ... လပတ် စာမေးပွဲကျတာ ၂ခါရှိပြီလို့ ကြားတယ် ... ဘယ်လို ဖြစ်တာလဲ"

"အယ် ... အဲဒါက ... စာတွေက ခက်တာကိုး"

"စာတွေက ခက်ရင် guide ခေါ်ပေးမယ် ဆိုတော့လည်း မဟုတ်ဘူး ..."

"ဒီလတော့ သေချာအောင် စေရပါမယ် ... သား ကတိပေးတယ်"

"ကိုယ့်စကားနဲ့ ကိုယ်ပဲနော် ... ကောင်မလေးတွေကျ လိုက်ရှုပ်နေတယ် ... စာကျ သေချာ မလုပ်ချင်ဘူး"

ဦးမိုးယံ စကားကြားတော့ ဒေါ်သက်ထားသွင်က ရယ်ရင်း ရှိုင်းသွင်ကို ကြည့်ကာ ...

"ဒီက ကိုရှိုင်းကတော့ ဘာသံမှကို မကြားရဘူးနော် ... ညီကတော့ ခြေရှုပ် သလောက် အစ်ကိုကျတော့ ရေခဲတုံးလိုပဲ"

"ဟာ ... မေမေကလည်း ကောင်မလေးက ဘယ်အချိန်ထားထား ရပါ တယ် ... အခု အခြေနေမှာတော့ သားဘယ်သူ့မှ စိတ်မဝင်စားလို့ပါ"

"Bro ကောင်လေးတွေများ စိတ်ဝင်စားနေတာလား ... ဒီအချိန်ထိ ရည်းစားထားတာ မတွေ့ဖူးသေးဘူး ဆိုတော့"

ရှိုင်းယံ စကားကြောင့် ရှိုင်းသွင် ကော်ဖီ သောက်နေရင်း သီးသွားသည်။

"ဟဲ့ ... ဟဲ့ ... သတိထား သောက်မှပေ့ါ ... ရေလေးနည်းနည်း သောက် လိုက်"

ဒေါ်သက်ထားသွင်က စိုးရိမ်တကြီးဖြင့် ရှိုင်းသွင်ကျောကို ပွတ်ပေးသည်။

"ရ ... ရတယ် မေမေ ... အဟွတ် ... အဟွတ်"

လူကြီးတွေကတော့ သတိမထားမိပေမဲ့ ရှိုင်းယံ၏ မဆုံးသေးသော မေးခွန်းစကားကို မကြားမိသလိုဘဲ နေလိုက်တော့သည်။ ရှိုင်းယံကတော့ အဓိပ္ပါယ်အချို့ ပါနေသည့် အကြည့်များဖြင့်တော့ ရှိုင်းသွင်ကို တစ်ချက် ကြည့်ကာ မျက်ခုံး ပင့်ပြလိုက်သည်။

ဒီကောင် သိနေတာလား ... ဒီကောင်သိရင် ကျွန်တော်တော့ မလွယ်ဘူး။

***

"Bro ..."

"ဘာလဲ ... ပြော"

မနက်ပိုင်းဆို ရှိုင်းယံကို ကျောင်းသို့ လိုက်ပို့ပေးရသည့် တာဝန်သည် ရှိုင်း သွင် အလုပ်ဖြစ်သည်။ အင်း ... ကျောင်းကြိုတော့လည်း ရှိုင်းသွင်ပါပဲ။ ကိုယ်ပိုင် အထက်တန်းကျောင်းတွင် ထားတော့ ရှိုင်းသွင် ကျောင်းဆင်းချိန်

နှင့် အနည်းငယ်တော့ တိုက်သည်။ သို့ပေမဲ့ guide ချိန် ဘာအချိန်နှင့် ဆို တော့လည်း စောင့်ရတာ ဘာညာ မရှိတော့ဘူးပေ့ါ။

ကားပေါ်မှာ ညီအစ်ကိုနှစ်ယောက် ငြိမ်နေရင်း ရှိုင်းယံက နားကျပ် တစ်ဖက် ချွတ်ကာ စကားစမှ တစ်ဖက်ကလည်း အသံပြန်ထွက်လာသည်။

"ကိုကြီး တကယ် ယောကျ်ားလေးတွေ စိတ်ဝင်စားနေတာ မဟုတ်ပါဘူး နော်"

"ဟာ ... ပေါက်ပေါက်ရှာရှာ ..."

ရှိုင်းသွင် စကားတောင် ဘာမှ မပြောရသေးပဲ အာခြောက်ချင်လာသည်။ နှလုံးခုန်သံကလည်း အရင်ကထက် နှစ်ဆလောက် မြန်ဆန်လာသည်။ ဒီကောင်လေး 'ကိုကြီး' ဟုခေါ်ပြီး စကားစပြီဆိုလျှင် သူတကယ်ကို အတည်ပေါက် ပြောနေခြင်းဟု ယူဆနိုင်သည်။

"ဒါဆို Bro ဘုန်းကြီး ဝတ်တော့မလို့လား"

"ဘာဆိုင်လို့လဲ"

"လူပျို ကြီးလုပ်ပြီး ဘုန်းကြီးပဲ ဝတ်တော့မှာလားလို့ပါ"

"ဘာမှ မဆိုင်တာတွေ ... ငါအချစ်နဲ့ တကယ် မတွေ့သေးလို့ နေမှာပေ့ါ ... အချိန်ကျရင်တော့ တွေ့မှာပေ့ါကွ"

ကျွန်တော့် စကားကို သူဆက်တော့ မေးမနေတော့ ... သူ့ဘာသာသူ နားထဲ နားကျပ်ပြန်တပ် ... ပခုံးတွန့်ပြပြီး ပြတင်းပေါက်ဘက် လှည့်သွားတယ်။ တော်သေးသည်ပင် ပြောရမည်။

***

ကျွန်တော့်ခမျာ ဒီမနက် ရင်တဒိတ်ဒိတ်နဲ့ စွန့်စားခန်း ဖွင့်လာရသလိုပဲ။ ကိုယ်က မလုံသူ ဆိုတော့လည်း စကားတစ်ခွန်းနဲ့ ကမ္ဘာ ပျက်သွားတယ်။

ရှိုင်းသွင်သည် ကားပါကင်နေရာမှ လမ်းအေးအေးဆေး လျှောက်လာရင်း အတွေးထဲ မျောလာနေခဲ့သည်။ ကျောင်းကားပါကင်သည် ကျောင်းဘေးတွင် ရှိနေသောကြောင့် ကျောင်းဆောင်ကြီး ရှိရာသို့ လမ်းနည်းနည်းတော့ ပြန်လျှောက်ရသည်။ ထိုစဉ် ကားပါကင်ဘက်သို့ အရှိန်ဖြင့် မောင်းချလာသည့် ဆိုင်ကယ် တစ်စီးသည် ရှိုင်းသွင်ရှေ့ တည့်တည့်သို့ ...။

ရှိုင်းသွင် တစ်ယောက် သူ့ကို ထိုဆိုင်ကယ် ဝင်တိုက်ပြီ အထင်ဖြင့် မျက်စိစုံမှိတ်ကာ တောင့်တောင့်ကြီး ရပ်နေမိသည်။

"လမ်းလယ်ခေါင် တက်လျှောက်နေရအောင် မင်းကိုယ်မင်း မသေနိုင်တဲ့သူလို့ ထင်နေတာလား"

အသံကြားမှ ရှိုင်းသွင် မျက်လုံးဖွင့်ကြည့်တော့ ထိုဆိုင်ကယ်သည် သူ့ရှေ့တည့်တည့်၌ ရပ်နေသည်။ ဆိုင်ကယ်ပေါ်မှ လူကိုကြည့်တော့ မင်းဒသ ... ဆိုင်ကယ်ဦးထုပ်ကို ချွတ်ကာ ရှိုင်းသွင်ကို စိုက်ကြည့် နေလေသည်။ ကြည့်လိုက်တာမှ ခြေဆုံးခေါင်းဆုံး ...။

ရှိုင်းသွင်သည် တကယ်လည်း လမ်းလယ်ခေါင် ရောက်နေသောကြောင့် ဘာမှ ပြန်မပြောလို ... ထိခိုက်မိသည်လည်း ဘာမှ မရှိသည်နှင့် မည်သည့်စကားမှ ပြန်မပြောတော့ဘဲ ဆိုင်ကယ်ရှေ့မှ ရှောင်ကာ ကိုယ့်လမ်းကိုယ်ဆက်လျှောက်လိုက်သည်။

"ဟေ့ ... နေဦး ... မင်းID card ကျကျန်ခဲ့တယ်"

ထိုစကားကြောင့် ရှိုင်းသွင် ပြန်လှည့်ကြည့်တော့ တကယ်ပင် ... မင်းဒသသည် သူ့ID card ကို ကောက်ယူကာ ကိုင်ထားသည်။ ထို့နောက် card ကိုတစ်ချက်ကြည့်ပြီး ...

"ရှိုင်းသွင် ... Business major ... final year"

ရှိုင်းသွင်သည် မင်းဒသလက်ထဲမှ သူ့ card ကို ဆတ်ခနဲ ပြန်ဆွဲ ယူလိုက်သည်။ မင်းဒသက တစ်ချက်ပြုံးကာ ...

"ဓာတ်ပုံရိုက်ရင် အမှောင် ထည့်ရိုက်ဦး ... ဖြူစုပ်စုပ်နဲ့ သရဲနဲ့ တူနေပြီ"

ရှိုင်းသွင်သည် မျက်နှာ ရှုံ့မဲ့ကာဖြင့် မင်းဒသရှေ့မှ အမြန် ထွက်လာခဲ့လိုက်သည်။ မင်းဒသကတော့ ဒီအတိုင်း ငေးကာ ကျန်ခဲ့သည်။

ဘယ်လိုကောင်လဲ ... ကျွန်တော် ပြဿနာ တက်ပြီထင်နေတာ ... စကားအပြောအဆိုလေး ရိုင်းတာက လွဲရင် ကျွန်တော့်ကို ဘာမှ မလုပ်လိုက်ဘူးပဲ။ ဒါက ကောင်းတာလား၊ ဆိုးတာလား။ ဒါပေမဲ့ အဲဒီဘီလူးကောင်က ကြည့်လို့တော့ အတော်ကောင်းတာပဲ။ နေပါဦး ... ကျွန်တော်က ဘာတွေးနေတာလဲ ... ကိုယ့်ကို အနိုင်ကျင့်တဲ့ ကောင်ကို ...။

ရှိုင်းသွင် တွေးလက်စများကို ရပ်ကာ ကျောင်းဆောင် အတွင်းသို့ ဝင်လာခဲ့သည်။

"ရှိုင်း"

အရိပ်အသံကြား၍ လိုက်ရှာကြည့်တော့ လှေကားဝနေရာတွင် ကောင်မလေး ၃ယောက်နှင့် စကား ပြောနေသည်ကို တွေ့လိုက်သည်။ အရိပ်ကတော့ သူ့ဆီလာဖို့ လက်ယက် ခေါ်နေလေရဲ့ ...။

ရှိုင်းသွင် ထိုနေရာသို့ သွားလိုက်ရင်း ...

"စည်သူတို့ ဝေယံတို့ ဘယ်နားမှာတုန်း"

"ဩော် ... သူတို့ အစောလေးတင် အတန်းတက်ဖို့ ထွက်သွားကြတာ ... ငါက နင့်ကို ဆက်စောင့်မယ် ဆိုပြီး ဒီမှာ အာလူးဖုတ်နေတာ"

"ဩော် ..."

"ဟော့ ... ရှိုင်း ... နင်သူတို့ကို သိလား ... ကျောင်းမဂ္ဂဇင်း ထုတ်တဲ့

ကော်မတီကလေ ... သီရိ၊ ရွှန်း နဲ့ သင်ဇာ ... သူတို့က social major ကဟ ... ငါတို့လို စီနီယာတွေပဲ"

"သြော် ... မှတ်ထားပြီး တွေ့ရင် နှုတ်ဆက်ပါမယ် ... အခုမှ မြင်ဖူးတယ် ဆိုပေမဲ့လည်း ... ဟင်း ..."

ရှိုင်းသွင် ခေါင်းလေး ညိတ်ပြကာ နှုတ်ဆက်လိုက်သည်။

"Music minor ယူထားတာလား"

ရွှန်းဆိုသည့် ကောင်မလေးက သွက်သွက် လက်လက်ဖြင့် ရှိုင်းသွင် လွယ်ထားသည့် ဂစ်တာအိတ်ကို ကြည့်ကာ မေးလိုက်သည်။

"အင်း ... ဟုတ်တယ် ... အတီးအခတ် ဝါသနာနဲ့ အရင်တည်းက ရင်းနှီးနေပြီးသားမို့ပါ"

"Wow ... ဒါဆို ပြိုင်ပွဲနေ့ကျ မြင်ရမှာပေါ့"

"ဟုတ်လောက်မှာပါ"

"ရှိုင်းက ဂစ်တာတီး အရမ်းကောင်းပြီး သီချင်းဆိုတာ တအားတော်တာ ... ပြိုင်ပွဲနေ့ မြင်ကို မြင်ရမှာ သေချာတယ် ... လာခဲ့နော်"

ကျွန်တော့်ကို အတင်း promotion ဆင်းပေးနေသော အရိပ်ကို တစ်ချက်ကြည့်လိုက်သည်။ အရိပ်က မသိမသာ မျက်စိ မှိတ်ပြလေရဲ့ ...။

"နောက် ရွှန်းကိုတွေ့ရင် ခေါ်ပါနော် ... let's be friends"

"ဟဟ ... ဟုတ်ကဲ့ ... be friends ပါ"

"ဒါဆို ချစ်ရေ ... ရွှန်းတို့ သွားတော့မယ် ... မဂ္ဂဇင်းအတွက် အကူညီလိုရင် လာခဲ့ပါဦးမယ်နော် ... ချစ်ကို အားကိုးပါတယ်"

"အာ ... ဒါပေါ့ ... တာ့တာနော်"

ရွှန်းတို့ သူငယ်ချင်း သုံးယောက် ထွက်သွားကြတော့ အရိပ်က ကျွန်တော့် ပခုံးကို လာဖက်သည်။ မျက်နှာကလည်း ပြုံးစိစိဖြင့် ကြည့်နေသေးသည်။

"ရ နဲ့ နာမည်စတာချင်း တူတယ်နော်"

"တော်စမ်း ... အတန်း သွားတက်ရမယ်"

"ရွှန်းက social major princess နော်"

"အင်း ... သူ့ဘာသာ ချစ်စရာကောင်းလို့ princess ဖြစ်တာပဲ ... ငါနဲ့ ဘာဆိုင်လို့လဲ"

"နင်က သူတော်စင်လား ... မိန်းခလေးတွေနဲ့ ဓာတ်မတည့်တဲ့ ရောဂါများ ရနေလား ... တော်သေးတယ် ... ငါနဲ့တော့ တည့်နေသေးလို့"

"နင်က ငါ့သူငယ်ချင်းလေ ... မတည့်တာ မဟုတ်ပါဘူးဟာ ... ငါဒီအတိုင်း ... ဒီအတိုင်းပဲ"

"ဟင့် ... မရဘူး ... ငါတော့ နင့်ကို ရွှန်းနဲ့ သဘောတူတယ် ... နင်နဲ့ အတော်လိုက်တယ် ... ဟို tik tok ထဲက chinese couple တွေနဲ့ တူတယ်"

"အဲတော့ ငါက ချောတယ်လို့ ပြောတာလား"

"မပြောမိပါဘူး ... ၂ယောက်ပေါင်းမှ တူတယ်ပြောတာ ... နင်တစ်ယောက်တည်းဆို မတူတော့ဘူး"

"ခွေးမ ... စိတ်ပုတ်ချက်က လူနဲ့မှမလိုက် ... လာ ... အတန်းသွားတက်မယ်"

ရှိုင်းသွင် ချစ်ရိပ်မေကို လည်ပင်းကနေ ပြန်ဆွဲ ခေါ်သွားလိုက်သည်။ ဒီလိုပါပဲ ... သူငယ်ချင်း နှစ်ယောက်က ...။

သူတို့ နှစ်ယောက်ကြား ယောက်ျား၊ မိန်းမ သဘာဝက အမြဲပျောက်နေသည်။

***

"Shine ... could you please try again this ... I'm not really enjoy with the keys. I think you missed some of them"

"Sure ... I'm so sorry ... i'll try more"

ရှိုင်းသွင်တို့ music ဆရာသည် နိုင်ငံခြားသား တစ်ယောက်ဖြစ်သည်။ နောက်လထဲတွင် အပြင် တက္ကသိုလ် ကျောင်းများနှင့် ပြိုင်ပွဲများ ရှိသည့်အတွက် ယခုတည်းက ဖိဖိစီးစီးဖြင့် ကြိုးစားနေရခြင်း ဖြစ်သည်။ ရှိုင်းသွင်သည် ပြိုင်ပွဲတွင် ဂစ်တာတီး၍ သီချင်းဆိုမည် ... ပြီးလျှင် ပြဇာတ်အတွက် နောက်ခံ စန္ဒယားတီးလုံး တီးပေးရမည် ဖြစ်သည်။ မိဘမျိုးရိုးထဲတွင် ရှိုင်းသွင်လို ဝါသနာပါသူ မရှိသော်လည်း ရှိုင်းသွင်ကတော့ ပါရမီထူး ပါလာသည်ဟုပင် ဆိုရမည်။

"Ok ... you got this ... wow You'r really amazing Shine"

"Thank you Sir"

"Well ... you all can take a break now ... let's meet here in 30minutes"

"Got it ... excuse me"

နေ့လည်စာအတွက် break ရသည်နှင့် ရှိုင်းသွင် music class မှ ထွက်လာခဲ့လိုက်သည်။ ရှိုင်းသွင်သည် ချစ်ရိပ်မေဆီသို့ အရင်ph ခေါ်လိုက်သည်။ ကန်တင်းများ ရောက်နေပြီလားပေါ့ ... သို့သော် တစ်ဖက်မှ ph မကိုင် ... ရှိုင်းသွင် ထပ်ခေါ်သည်။ ဒီတစ်ခါလည်း မကိုင် ... နာရီကြည့်တော့ ၁၂နာရီ ၁၅မိနစ် ... ဒီအချိန်ဆို နေ့လည်စာ break ပေးနေပါပြီ ... သီချင်းသံတွေကြောင့်များလား မသိ ... ချစ်ရိပ်မေက dance class ယူထားသည်လေ။

ရှိုင်းသွင် တစ်ကိုယ်တည်း ကန်တင်းဘက်သို့ လျှောက်လာခဲ့သည်။ ကန်တင်းသို့ ရောက်သည်နှင့် ရှိုင်းသွင် မျက်လုံးပြူးကျယ်ကာ အံ့အား သင့်သွားရသည်။ ကျော်မင်းသူ၊ စည်သူနှင့် ဝေယံတို့သည် ဖူးရောင်နေသော မျက်နှာများဖြင့် မှုန်ကုပ်နေကြကာ ထိုင်နေကြသည်။ ထို့နောက် ချစ်ရိပ်မေက လက်ထဲ ရေခဲ ၃ထုပ်ဖြင့် သူတို့အနား ပြန်ရောက်လာသည်။ ရှိုင်းသွင်လည်း သူတို့ အနားသို့ အမြန်ပြေးသွားကာ … .

"ဟေး … ဘာဖြစ်ကြတာတုန်း"

"မေးသာကြည့်ဟော့ အစ်ကိုတော်တို့ကိုပဲ"

ချစ်ရိပ်မေက ကျော်မင်းသူ မျက်နှာအား ရေခဲကပ်ပေးကာ ရွဲ့စောင်းစောင်းလေး ပြောလိုက်သည်။

"ဘယ်သူနဲ့ ရန်ဖြစ်လာတာလဲ"

ဟုတ်ပါသည်။ ဒီအခြေနေ ကြည့်ကတည်းက ရန်ဖြစ်လာမှန်း သိသာသည်။ ဘောလုံးကန်ဖို့ ဝတ်ထားသည့် အင်္ကျီအဖြူရောင် များသည်လည်း ညစ်ပတ် ပေတူးနေလို့ …။

"ဟို ဖိုးအဖွဲ့နဲ့ …"

စည်သူက မကျေနိုင် မခဲနိုင်သည့် ပုံဖြင့် ပြန်ဖြေသည်။

"အမ် … ဟို လူဆိုး အဖွဲ့နဲ့လား"

"အေး … တကယ့်ကို ခွေးကောင်တွေ"

"နောက်တစ်ခါဆိုရင် အရေခွံ စုတ်ပစ်မယ်"

"သတ်မှာနော်"

ဝေယံ့စကားကို ချစ်ရိပ်မေနှင့် ကျော်မင်းသူက ပြိုင်တူ ပြန်ထအော်သည်။ ရှိုင်းသွင်တောင် တုံ့ခနဲ ဖြစ်ကာ လန့်သွားသည်။

"ငါ့ကို ရှင်းအောင် ပြောကြပါဦး ..."

"ဧကရီ့ ပြဿနာပါကွာ ... စည်သူနဲ့ ဧကရီ စကားပြောနေတာကို အဲဒီ ဘက် ဖိုးအဖွဲ့က တစ်ကောင် မြင်သွားတယ် ထင်တယ် ... သူတို့လည်း ဧက ရီ့ကို လိုက်နေတာဖြစ်မယ် ... အဲဒါ ငါတို့ ဘောလုံးကန်တဲ့ နေရာထိ လာ ပြီး စည်သူ့ကို လာရိုက်တာကွ ... တော်တော် လက်ရဲဇာတ်ရဲကောင်တွေ ... အဆိုးဆုံးကတော့ ကျောင်းသားသစ် ... ဒီကောင့်ကို ငါတို့သုံးယောက် မနည်း ပြိုင်ထိုးလာရတယ် ... အဲကောင် အတော်လေး အားသန်တာပဲ"

ကျော်မင်းသူ ရှင်းပြတော့မှ ဇာတ်ရည်လည်လာသည်။ ဧကရီသည် the whole queenဖြစ်သည်။ ချောမောလှပမှုက အပြစ်ပြောစရာမရှိ ...။ ကျောင်းရှိ ၉၅ ရာခိုင်နှုန်း လောက်က ဧကရီနှင့်မှ မခင်ရလျှင် ခေတ်မမီ တော့ သလိုလို။ ထို ၉၅ ရာခိုင်နှုန်းတွင် စည်သူပါနေပြီး ကျန်သည့် ငါးရာ ခိုင်နှုန်းတွင်တော့ ကျွန်တော် ပါသည်။

"စည်သူ့ လာရိုက်တော့ ငါတို့လည်း ဝင်နွဲတော့တာပေါ့ ... ကြားထဲက ခံရ တယ်ပေါ့ကွာ ... အဲဒီကျောင်းသားသစ်ကောင် အဆိုးဆုံးပဲ ... သူ့ကိုယ်ပေါ် မှာ ဒဏ်ရာရအောင် မလုပ်လိုက်ရတာ တကယ်ရင်နာတယ် ... နောက် တစ်ခါ တကယ် ကျိန်ပြောရဲတယ် ... အဲကောင် အရေခွံစုတ်ပစ်မယ် ... ငါ့ မျက်နှာကို တံတွေးနဲ့ ထွေးသွားလို့"

ရှိုင်းသွင် ဝေယံစကားကြောင့် မျက်ခုံးတောင် ပင့်တက်သွားသည်။ ကျောင်းသားသစ်ဆိုတာ ဟို မင်းဒသကို ပြောတာများလား။

"ကိုယ့်ဘက်ကတော့ ရန်အရင်မစနဲ့ဟဲ့ ... ငါ့မှာသိလား ... ကရင်း တန်းလန်း ဟဲ့ ... နင့်ရည်းစား ဘောလုံးကွင်းမှာ ရန်ဖြစ်နေပြီဆိုလို့ ... ကျောင်းစောင့်တွေခေါ်ပြီး အပြေး လာရတယ်"

ချစ်ရိပ်မေက ရှိုင်းသွင်ကို ကြည့်ပြီး ကလေးတိုင်သလို ပြန်ပြောနေသည်။

"ဘာပဲပြောပြော ဇေကရီနဲ့ငါက အခြေနေ အတော် တိုးတက်နေပြီ ... ဒီကောင်တွေ တမင် မနာလိုလို့ကို လာရန်စမှန်း သိသာလွန်းတယ်"

"ရှိုင်း ... နင် break မလား ... သွားစားစရာရှိတာ သွားစား ... နင့်ဆရာက အချိန် အရမ်း တိကျတာ ... နောက်ကျလို့ စိတ်ဆိုး နေဦးမယ်"

အရိပ်က စိုးရိမ်စွာဖြင့် သတိပေးသည်။

"အေးပါဟာ ... မင်းတို့ ကိုယ့်ဘက်ကတော့ ရန်ထပ် သွားမစကြပါနဲ့ ... သူတို့က အတော်ဆိုးတဲ့ ဟာတွေ"

"သူတို့ထက် ဆိုးတာ ဟိုအကောင် သေချင်းဆိုး"

ဝေယံကတော့ တော်တော်နဲ့ကို ကျေနပ်နိုင်ဦးမည့်ပုံ မပေါ်သည်မှာ သိသာပါသည်။

"မင်းက ငါတို့အဖွဲ့ကဆိုတာ သိရင် မင်းကိုလည်း လာထိနေမယ်နော် ... တစ်ခုခုဆို ph ဆက်လိုက်"

ကျော်မင်းသူက စိတ်ပူပြီး သတိပေးတော့ ...

"ထိရဲရင် ထိကြည့်လေ ... ခေါင်းနဲ့ကိုယ် တစ်ခြားစီ ဖြစ်သွားမယ်"

အရိပ်က ထအော်သည်။ ကျွန်တော် အရိပ်ကို ပြုံးကာ ကြည့်ပြီး ...

"အေးပါ ... အားကိုးပါတယ် ... ဒါဆို ဂရုစိုက်ကြဦး ... ငါတစ်ခုခု စားပြီး သွားတော့မယ်"

"Ok ... ok ..."

ကောင်းရော ... ကျွန်တော်တောင် မနေ့က ကိစ္စကို မပြောပြဖို့ တွေးထားခဲ့တာ ... အခုတော့ ရန်တောင် ထဖြစ်ကြပြီပဲ။ ကျွန်တော်သာ ပြောလိုက်ရင်တော့ ... အင်း ... ကြည့်ကောင်းသွားမယ်။

အရိပ်တို့ဆီမှ ထွက်လာတော့ ကျွန်တော့်မှာ အချိန် ၁၅ မိနစ်သာ ကျန်

တော့သည်။ break က မိနစ်သုံးဆယ်ပဲ ပေးလိုက်တော့ အမြန် ဗိုက်ပြည့်မည့် အရာကိုပဲ ရွေးစားရန် ဆုံးဖြတ်လိုက်သည်။ ခေါက်ဆွဲဘူး တစ်ဘူး၊ ပေါင်မုန့် ၂လုံးနှင့် ရေတစ်ဘူးဝယ်ကာ ကန်တင်းမှ ပြန်ထွက် လာခဲ့သည်။ ကန်တင်းထဲ၌လည်း ထိုင်မစားချင်တော့ ... လှေကား တစ်နေရာရာဖြစ်ဖြစ် ထိုင်စားလိုက်မည်ဟု တွေးပြီး ပြန်ထွက်လာခြင်း ဖြစ်သည်။

"အာ့"

ရှိုင်းသွင် ဒီနေ့မှ ကံဇာတာက အကြီးအကျယ်ကို ကောင်းနေသည်။ မင်းဒသနှင့် ဝင်တိုက် မိသည်လေ ... လက်ထဲမှ ခေါက်ဆွဲပြုတ် အရည်များက အင်္ကျီရင်ဘတ်ပေါ် ကျပြီး အတော်ကို ပူသွားသည်။ သို့သော် မင်းဒသကတော့ စိတ်တိုတိုနှင့် ရှိုင်းသွင် အင်္ကျီကို ဆောင့်ဆွဲကာ ...

"ဘယ်လိုကောင်လဲကွ ... ငါနဲ့ အမြဲတမ်း ဝင်တိုက်နေနိုင်ရအောင် မင်းအဲဒီလောက် နမော်နမဲ့ နိုင်နေသလား"

ရှိုင်းသွင် မင်းဒသကို ဘာမှ ပြန်ပြောဖို့ မစဉ်းစားမိ ... သူခံစား နေရသည်မှာ ရင်ဘတ်ပေါ်က အပူ ... လောလောလတ်လတ် ပြုတ်လာသည်မို့ အပူလောင်နေပြီလားတောင် မှတ်ရသည်။ ရင်ဘတ်က အပူက ရှိုင်းသွင်ကို မျက်ရည် ဝဲလာစေသည်။ မင်းဒသ မျက်မှောင်ကြုတ် ကြည့်ကာ ...

"မဖြစ်စလောက်လေးနဲ့ ငိုမနေနဲ့"

ထိုသို့ပြောကာ ရှိုင်းသွင်ကို အင်္ကျီစ ဆောင့်ဆွဲထားရာမှ လွှတ်ပေးလိုက်ပြီး သူ့လက်ထဲမှ ရေဘူးကို ဆတ်ခနဲ ဆွဲယူ၍ အဖုံးဖွင့်ကာ ခေါက်ဆွဲပြုတ်အရည်များ ပေကျံနေသည့် အင်္ကျီ ရင်ဘတ်ပေါ်သို့ ထိုရေဖြင့် လောင်းလိုက်သည်။ ရှိုင်းသွင်ခမျာ အပူလောင်တာ သက်သာ သွားသော်လည်း မသိလျှင် သူ့ပုံစံက ရေချိုးချလိုက်သလိုပင် ...။ လူအချို့လည်း ဝိုင်းကာ ကြည့်နေကြသည်။

"စုတ်ပြတ်နေတာပဲ ..."

မင်းဒသ ထိုသို့ပြောပြီး ရေဘူး အခွံလွတ်ကို ခြေငါးလှမ်းစာ အကွာလောက် ရှိမည့် အမှိုက်ပုံးထဲသို့ လှမ်းပစ် ထည့်လိုက်သည်။ လက်ကလည်း တည့်သလား မမေးနှင့် ... ဘေးဘောင်ကိုတောင် မထိ ... အမှိုက်ပုံးထဲသို့ တန်းဝင်သည်။

"Sorry ... ပြီးတော့ ကျေးဇူးပါ"

"ဘာ ..."

မသိလျှင် ရှိုင်းသွင်က သူ့ကို ဒီလို စကားမျိုး ပြန်မပြောဘူးဟု ယူဆထားပုံရသည်။ သို့ပေမဲ့ ပြောလိုက်တော့ အံ့ဩသွားသည့်ပုံ ဖြစ်သွားကာ မဲ့ပြုံးပြုံးရင်း ...

"မင်းက အကန်း လွန်နေတာဆိုတော့ ရပါတယ်"

မင်းဒသ ပြောပြီးပြီးချင်းပင် ထိုနေရာမှ ထွက်သွားတော့သည်။ ရှိုင်းသွင် မင်းဒသ၏ နှုတ်ခမ်းထောင့်စွန်းက သွေးထွက် နေသည်ကို မြင်လိုက်ရပါသည်။ သူလည်း ရန်ဖြစ်တာဆိုတော့ အနည်းနှင့် အများ ထိလာသည် ထင်ပါရဲ့။

ရှိုင်းသွင်ခမျာ တစ်ဝက် သာသာလောက်ပဲ ကျန်တော့သည့် ခေါက်ဆွဲပြုတ်ဘူးလေးနှင့် ပေါင်မုန့် နှစ်လုံးကို ကိုင်ကာ မျက်နှာတောင် ငယ်သွားသည်။ ဘယ်လိုမျိုး နမော်နမဲ့ နိုင်လွန်းတဲ့ နေ့ကြီးလဲ။ တကယ်ပါ ... မင်းဒသ ပြောသွားတာလည်း မှန်သည် ... တကယ်ကို စုတ်ပြတ်နေတာပါပဲ။

***

## Chapter 3

"ဝေယံရေ ... သွားမယ်ကွာ ... ငါတောင်းပန်တယ်"

"ရှိုင်း ... မင်းကြောက်နေရင် ထွက်သွားလိုက်"

ကျွန်တော် တကယ်လည်း ကြောက်တာပါ။ ရန်ဖြစ်တယ်ဆိုတာ ကျွန်တော့်ပုံစံ မဟုတ်သလို တကယ် ရန်အကြီးအကျယ်လည်း တစ်ခါမှ မဖြစ်ဘူးသေး ...။ ဒီနေ့အဖို့တော့ မသိ ...။

လွန်ခဲ့သည့် နာရီဝက်လောက်က ... ...

ကျွန်တော် ဒီမနက် ကျောင်းရောက်တော့ ဝေယံက ဘောလုံးကွင်း လိုက်ခဲ့ရန် အဖော်ခေါ်သည်။ ကျော်မင်းသူနှင့် အရိပ်က ဒီနေ့ မနက်ပိုင်း ကျောင်းပြေးကြသည်။ သူတို့ date လုပ်ကြသည်ပေါ့ ...။ နေ့ခင်းပိုင်းတော့ ကျောင်းပြန်လာမည်ဟု အရိပ်က စာပို့ထားသည်။ မလာလို့တော့မရ ... ပြိုင်ပွဲအတွက် အရိပ်က အကကျင့်ရမည်။ ကျော်မင်းသူက ဘောလုံးကန်ရမည်။ စည်သူကတော့ အရိပ်ယောင် မတွေ့ရသေး ...။ ဝေယံက အဖော်ခေါ်တော့ ကျွန်တော်လည်း မနက်ပိုင်း အတန်းချိန် မတက်တော့ဘဲ သူ့နောက်ကို အဖော် လိုက်လာပေးသည်။ သူ့လက်ထဲ သယ်လာရတဲ့ အင်္ကျီထုပ်ကို ကူဆွဲပေးပြီး ၂ယောက်သား video game အကြောင်းတွေ ပြောကာ ဘောလုံးကွင်းဆီ ရောက်လာခဲ့သည်။

ဘောလုံးကွင်းဆီ ရောက်တော့ ဝေယံက အင်္ကျီ လဲဝတ်သည်။ ဘောလုံးကွင်းတွင် ဘယ်သူမှမရှိ ... သူနှင့် ကျွန်တော် နှစ်ယောက်တည်းပင် ...

ခြေထောက် သိပ်မသွက်ဘူး ပြောလို့ ဝေယံက သူတစ်ယောက်တည်း စောစောလာကာ လေ့ကျင့်ခြင်း ဖြစ်သည်။

အင်း ... အဲဒီမှာ ပြဿနာက စတော့တာပဲ။ ဗိုးအဖွဲ့က ဘယ်က ဘယ်လို ရောက်ချလာသည်မသိ ... သေချာတာကတော့ နောက်ယောင်ခံများ လိုက်လာသည်လား မသိ။ သို့သော် ထိုအဖွဲ့ထဲတွင်တော့ မင်းဒသ မပါလာသေး။ သူပါလာလျှင် ပိုကြောက်ရမည် ထင်သည်။ ယခုတောင် ကြောက်နေရသည် မဟုတ်ပါလား။ ဝေယံကတော့ ကြောက်တတ်သူ မဟုတ် ... အရပ်အနေအထားကလည်း တကယ် ထောင်ထောင် မောင်းမောင်းနှင့် ဟိုဖက်အဖွဲ့နှင့် ယှဉ်လို့ရသည်။ ဒါပေမဲ့ သူတို့က ငါးယောက်တောင် ... ကျွန်တော်တို့က နှစ်ယောက်တည်း ... ကျွန်တော့်လို ဘာမှ မလုပ်တတ်တဲ့ ကောင်ကို ဖယ်လိုက်လျှင် ဝေယံ တစ်ယောက်တည်း ...။ ဘုရားကယ်ပါ။

"အစ်ကိုတို့ မကျေနပ်တာရှိရင် ပါးစပ်ကပဲ ပြောကြပါဗျာ ... ရန်မဖြစ်ကြပါနဲ့ ... ကြားထဲက ကျွန်တော် တောင်းပန်ပါတယ်"

"ဘာကိစ္စ မင်းက တောင်းပန်နေရတာလဲ ... ဒီလိုကောင်တွေကို ... သွား ... မင်းဘေးဖယ်နေ"

"ဟိုတစ်နေ့က ကောင်လေးပဲ ... ငါတို့က လက်နဲ့ပဲ ရှင်းတက်တယ် ကောင်လေးရဲ့ ... ဘာလုပ်လုပ်"

တစ်ဖက်က ခနဲ့တဲ့တဲ့ဖြင့် ရှိုင်းသွင် မျက်နှာကို လာကိုင်ကာ ပြောတော့ ဝေယံ ဒေါသ ထွက်လာပြီး ထိုသူကို ဆောင့်ကန် မိလိုက်သည်။ အဲဒီမှာ ... ပွဲစတော့တာပဲ ...။

ရှိုင်းသွင် ဘာလုပ်လို့ လုပ်ရမှန်းကိုမသိ ... လက်သီး တစ်ချက် နှစ်ချက်တော့ ထိုးတက်လောက်သည်ဟု တွေးမိသည်။ သူလည်း ယောကျ်ားပဲလေ ... ဒါပေမဲ့ ကျွမ်းပြန်တာတွေ ... free kick တွေတော့ မလုပ်တတ် ...။ ဝေယံ့

ကို ကြည့်တော့ ဝေယံက တကယ့်ကို လူသွက် ... သူအခုထိ အားလုံးနှင့် သတ်ပုတ် နေနိုင်သေးသည်။ လွတ်နေတာက ရှိုင်းသွင် ... သူစဉ်းစား မိသည်က ခုံတန်းနားဆီ အမြန်ပြေးပြီး ph ယူကာ ကျောင်းစောင့်တွေစီ ph ဆက်ရမည်။

သို့သော် အတွေးနှင့် လက်တွေ့သည် တကယ်ကို တခြားစီပါ ... ရှိုင်းသွင်ဆီ တစ်ယောက်က ရောက်လာပြီး နပန်း လုံးတော့သည်။ အစကတော့ ရှိုင်းသွင် ရှောင်တိမ်း နိုင်သေးသည်။ နောက်ပိုင်း ထိုသူရဲ့ လက်သီးစာက သူ့မျက်နှာပေါ် ကျလာပြီးနောက် သူ မရှောင်နိုင်တော့။ ရှိုင်းသွင် ထိတာ မြင်တော့ ဝေယံက ကျန်သည့် လေးယောက်ကို အနိုင်ပိုင်းပြီး လာကူသည်။

ရှိုင်းသွင် သူ့ကိုယ်ပေါ်က တစ်ယောက် ဖယ်သွားသည်နှင့် လွယ်အိတ်ဆီ အပြေးတပိုင်း သွားတော့သည်။ သို့သော် တစ်ဖက်မှ ငါးယောက်တောင်မလား ... သူတို့ငါးယောက်သည် ရန်ဖြစ်လျှင် ခွေးရူးတွေ အတိုင်းပင် ... ဘာမှန်းမသိ အကုန် အသေချမည် ဆိုသည့်သူတွေ ...။ ဝေယံ့ကို ကြည့်တော့လည်း သုံးယောက်နှင့် နပန်းလုံး သတ်ပုတ်နေသည်။ ရှိုင်းသွင်ကတော့ ကျန်နှစ်ယောက်၏ အဆော်ခံနေရတာနှင့်ပဲ မေ့တော့မည့် အခြေနေ ရှိသည်။

နောက်ထပ် လက်သီးတစ်ချက် သူ့မျက်နှာပေါ် ကျလာလျှင် သူတကယ် မေ့တော့မည်။ သို့ပေမဲ့ သူ့မျက်နှာပေါ် ထပ်ကျလာတော့မည့် လက်သီးကို တစ်ယောက်ယောက် ဆုပ်ကိုင်ပြီး လှမ်းဖမ်း လိုက်သည်ကို မြင်သည်။ သို့သော် ဘယ်သူမှန်း မသိ ... သူ့မျက်နှာပေါ် သွေးတွေက ဖုံးနေသည့် အပြင် မူးမေ့ နေချင်ပြီလေ ...။

"တော်တော့ ... ခွေးမသားတွေရဲ့"

ထိုအသံ ပိုင်ရှင်ကြောင့် ရန်ဖြစ်နေသူတွေ အကုန် ရပ်သွားသည်။ သို့သော်

ရှိုင်းသွင်ကတော့ မသိတော့ပါ။ သူတကယ်ကို မေ့သွားပါပြီ။

ဝေယံ ရှိုင်းသွင်နားကို ကြည့်လိုက်တော့ မင်းဒသက ရောက်လာပြီး ရှိုင်းသွင်ကို ထိုးတော့မည့် လက်သီးကို ဆွဲကာလိုက်သည်။ ဘာကြောင့်မှန်း ရယ်တော့ ဝေယံနားမလည် ... ပြီးနောက် မင်းဒသ အော်လိုက်တော့ ရန်ပွဲက အဆုံးသတ်သွားသည်။ ဝေယံလည်း မောပြီး မတ်တတ်မနည်း ပြန်ရပ်ယူရသည်။ သူ ရှိုင်းသွင်နားကို မရောက်ခင်ဘဲ မင်းဒသက ရှိုင်းသွင်ကို ဆွဲမပြီး ပွေ့ချီကာ မျက်စိရှေ့ကနေ ထွက်သွားနှင့်ပြီ။

ကြောင်စီစီ ရပ်လေးများဖြင့် ငေးကာ ကျန်နေခဲ့ရသည့် သူများက ဝေယံအပါအဝင် ဖိုးအဖွဲ့က ငါးယောက် ...။ ခဏကြာတော့ အသိ ပြန်ဝင်လာကြပြီး ဖိုးအဖွဲ့က ဝေယံကို ဘုကြည့်ကြည့်ကာ ထွက်သွားကြသည်။ ဝေယံကတော့ တကယ် ဘယ်ကို လိုက်လို့ လိုက်ရမှန်းမသိ။ အဝတ်ထုတ်တွေနှင့် ကျောပိုးအိတ်တွေ ဆွဲယူကာ ရှိုင်းသွင် နောက်သို့ ...။

***

ကျွန်တော် အိစက်စက်တစ်ခုမှာပေါ် လှဲနေရသည်ကို ခံစားမိသည်။ နည်းနည်းလည်း အေးနေသည်။ ဆေးရုံ ဆေးခန်းတွေမှာ ရတက်သည့် အနံ့ တစ်မျိုးကိုလည်း ရနေသည်။ ကျွန်တော် ဘယ်များ ရောက်နေတာလဲ ...။

ရှိုင်းသွင် မျက်လုံးကို ဖြည်းဖြည်းချင်း ဖွင့်ကာ ကြည့်သည်။

"ရှိုင်း ... သတိရလာပြီ"

အရိပ်ရဲ့ အသံကို အရင်ကြားရပြီး အရိပ်က ကျွန်တော့်လက်ကို သေချာဆုပ်ကိုင် ထားသည်။ ကျွန်တော် မျက်လုံး သေချာ ဖွင့်ကြည့်မှ ကျွန်တော့်ဘေးတွင် လူစုံတက်စုံ ရှိနေကြသည်။ ပြီးတော့ ကျွန်တော် Collage ထဲက ဆေးခန်းလေးကို ရောက်နေတာပဲ။

"ရှိုင်း ... နေရတာ ဘယ်လို နေသေးလဲ"

ကျွန်တော် အရိပ်ရဲ့ မေးခွန်းကို ပြန်မဖြေနိုင်သေး ...

"ဟင် ... ဝေယံရော"

"ငါဒီမှာ ရှိနေတယ် ... စိတ်ပူမနေနဲ့ ... ငါက ဘာမှမဖြစ်ဘူး"

ဝေယံက ကျွန်တော့်ဘေးသို့ ရောက်လာပြီး ပြန်ဖြေသည်။ သူ့မျက်နှာလည်း ပထမနေ့က ရန်ဖြစ်ထားသည့် အရှိန်က မပျောက်သေး ... ဒီနေ့ပါ ရန်ပွဲက ပိုကောင်းသွားတော့ ယောင်ကိုင်း၍ အညိုအမဲ စွဲနေသည်။

"သတိရလာပြီလား ... ကျွန်မကို လာမပြောကြဘူးကြည့်"

Dr.က အခန်းထဲသို့ ကန့်လန့်ကာကို လှပ်ကာ ဝင်လာရင်း ပြောလိုက်သည်။

"မေ့သွားလို့ပါ Dr.ရယ်"

"ကဲ ... သား ... နေရတာ ဘယ်လိုနေသေးလဲ"

"ကိုယ်တွေလက်တွေ ကိုက်နေသလိုတော့ ခံစားရတယ် ... ကျန်တာတော့ နေလို့ အဆင်ပြေပါတယ်"

"ဟုတ်ပြီ ... ဒါဆို အကိုက်အခဲ ပျောက်ဆေးနဲ့ အရောင်ကျဆေး ပေးလိုက်မယ် ... မဟုတ်ရင် မင်းဖျားသွားလိမ့်မယ်"

"ဟုတ် ... Dr"

Dr ပြန်ထွက်သွားတော့ အနောက်ကနေ စည်သူက ဆေးလိုက်ယူရန် လိုက်သွားသည်။

ဆရာဝန် ထွက်သွားတော့ ကျွန်တော် သိချင်စိတ် ဖြစ်နေသည့် အကြောင်းကို မေးရတော့မည်။

"ဝေယံ ... မင်းသူတို့ကို နိုင်ခဲ့တာလား"

"ရမလားကွ ... ဟိုအကောင်သစ် ရောက်လာသေးတယ်"

"ဟင် ... မင်းတကယ် ဘာမှ မဖြစ်သွားတာ သေချာလား"

အကောင်သစ် ဆိုတည်းက မင်းဒသကို ဆိုလိုမှန်း ကျွန်တော် သိသည်။ သူ ရောက်လာရင် ပိုဆိုးမယ် မလား။

ဝေယံက ကျွန်တော့်ကို ခေါင်းခါပြရင်း ...

"ဘာမှ မဖြစ်တဲ့အပြင် ရန်ပွဲကို သူရပ်သွားတာ ... မင်းကို ဒီကို လိုက်ပို့သွားတာလည်း သူပဲ"

"ဟမ်"

ကျွန်တော် ခုတင် ပေါ်ကနေတောင် ငေါက်ခနဲ ထထိုင်မိသည်။ အဲဒီလောက်ထိ ကျွန်တော့်ကို အံ့ဩသွားစေသည်လေ။

"ငါတို့လည်း နင်မေ့နေတည်းက အဲဒီအကြောင်း ပြောနေကြတာပဲ ... မနေ့ကပဲ ဝေယံမျက်နှာကို တံတွေး ထွေးသွားတဲ့ ကောင်က ဒီနေ့ရန်ပွဲကို လာရပ်ပေးပြီး နင့်ကို ဆေးခန်းတောင် လာပို့ပေးလိုက်သေးတယ် ဆိုတော့ ငါတို့လည်း အံ့ဩလို့မဆုံးဘူး"

အရိပ်ကလည်း တအံ့တဩ ဝင်ပြောသည်။ ကျွန်တော်ကလည်း တအံ့တဩဖြင့် ...

"သူ ဘာပြောသွားသေးလဲ"

"ဘာမှကို မပြောတာ ... ငါလည်း သူနဲ့ မျက်နှာချင်း မဆိုင်ချင်ဘူး ... ဆိုင်မိရင် ဒေါသက ထွက်လာမှာစိုးလို့ ... ပြီးတော့ မင်းကိုလည်း ဘာမှလုပ်တာ မဟုတ်ဘဲ ချီပြီး ဆေးခန်းကို လာပို့တာဆိုတော့ ငါခဏ ရှောင်နေလိုက်တယ် ... သူကမင်းကို ခုတင်ပေါ် တင်ခဲ့ပြီးတာနဲ့ ဒီအတိုင်းကြီး ပြန်ထွက်

သွားတာ"

"ငါ့ကိုချီတယ် ... သူက ... ဒီအထိ"

"အေး ... သူက စိတ်မူမမှန်တာများလား ... တစ်ခုခုပဲ"

ကျွန်တော် တကယ်ကို ပါးစပ် စေ့မရအောင် အံ့ဩမိပါသည်။ တခြားသူတွေအတွက် ဘာမှ မဟုတ်လောက်ပေမဲ့ ကျွန်တော့် အတွက်တော့ တော်တော် စိတ်လှုပ်ရှား စေတာပဲ။ ဘာမှ မသိလိုက်ပေမဲ့ အတွေးထဲ ပုံဖော်ကြည့်ရင်တောင် အတော်ကို စိတ်လှုပ်ရှားမိတယ်။ မင်းဒသက ကျွန်တော့်ကို ချီပြီး ဆေးခန်းကို လာပို့တယ် ... ယောကျ်ားလေး တစ်ယောက်က ကျွန်တော့်ကို ချီတယ်။ ကျွန်တော်အခု ဘာဖြစ်လို့ ဖြစ်သွားမှန်းတောင် ကိုယ့်ဘာသာ မသိတော့တဲ့ အခြေနေ ...။ မျက်စိထဲ တန်းပေါ်လာသည်က BL series တွေထဲကလို အတွဲတွေ ချီတာကို မြင်ယောင် သွားသည်။

"ရှိုင်း ... နင်အဆင်ပြေရဲ့လား ... နင့်တစ်ကိုယ်လုံး ဘာလို့ နီရဲတက်လာတာလဲ"

အရိပ်က ကျွန်တော့် လက်ကို လာပုတ်ပြီးမေးတော့မှ သတိ ပြန်ကပ်လာသည်။ ဟုတ်ပါရဲ့ ... တစ်ခုခု စိတ်လှုပ်ရှားလာပြီဆိုလျှင် ကျွန်တော့် အသားရေက ဖုံးဖိမရတဲ့အထဲ ပါနေတော့လည်း လူသိသည်။ အခုက မျက်နှာတင် မဟုတ် ... တစ်ကိုယ်လုံးပါ ရဲတက်လာသည်အထိ။

"ဘာမှ ... ဘာမှ မဖြစ်ပါဘူး"

"ကြောက်မနေနဲ့ ... မင်းဘေးနားမှာ ငါတို့ရှိတယ်"

ကျော်မင်းသူကတော့ ဘာအတွေးနဲ့ ပြောလိုက်လဲတော့ မသိပေမဲ့ ကျွန်တော့် စိတ်ထဲ ကြောက်တဲ့စိတ် ဖြစ်နေတာ မဟုတ်တာတော့ သေချာပါတယ်။

"ရှိုင်းကို ရန်ပွဲထဲ မထည့်ကြပါနဲ့ ... သူက နဂိုတည်းက ရန်ဖြစ်ဖူးတာ မဟုတ်ဘူး ... ပြီးရင် သူပဲခံရတာ ... ရှိုင်း ... နင်လည်း ရန်ဖြစ်ရင် အားနာမနေနဲ့ ... ဒီအတိုင်း ရှောင်ထွက်လာခဲ့ ... မဟုတ်ရင် နင်သေသွားနိုင်တယ် ... ငါလည်း နင့်ဘေးမှာ အမြဲရှိနေနိုင်တာ မဟုတ်ဘူး"

"အေးပါ အရိပ်ရယ် ... သူငယ်ချင်းတွေလေ ... ငါရှောင်မထွက်နိုင်ပါဘူး"

"နင်သေလိမ့်မယ်သိလား ... ဟိုက ခွေးရူးတွေလို ကိုက်တာ ... နင်တို့လည်း ပါတယ် ... ရန်ကို ရန်နဲ့ပဲ ရှင်းမနေနဲ့ ... ရှောင်လို့ရရင် ရှောင်လာခဲ့ ... ကြားထဲက ငါပဲ စိတ်ပူပြီး သေရတော့မယ်"

အရိပ်ကတော့ စိုးရိမ်စိတ်ဖြင့် အားလုံးကို ဆူငေါက်နေသည်။ ကျွန်တော်ကတော့ ကျွန်တော့်အတွေးနှင့် ကျွန်တော်က မပျောက်သေး ...။

***

အချိန်သည် ညဆယ့်တစ်နာရီခန့် ...

Club ထဲတွင် သီချင်း သံစဉ်များနှင့်အတူ လူရောင်စုံများလည်း ရှိနေသည်။ ထို club သည် ထိပ်တန်း မှောင်ခို သူဌေးများအတွက် သီးသန့် club တစ်ခုဆိုလျှင် ပို၍ပင် မှန်မည်။ VIP Black Card ပါမှ ထို club ထဲ ဝင်ခွင့်ရှိသည့်အတွက် သာမန် လူကုန်ထံများ ဝင်ရောက်နိုင်သည်က အလွန်ရှား၏။ ဝင်နိုင်သည့် သူများကလည်း club အတွင်းမှ တစ်ဦးတစ်ယောက်ဖြင့် သိ၍သာ အချိတ်အဆက်ဖြင့် အလွယ်တကူ ဝင်နိုင်ခြင်းပင်။

စားပွဲ C နေရာတွင် ထိုင်နေသည့်သူ တစ်ဦးတော့ ရှိသည်။ Class အမြင့်စား ဝီစကီ တစ်ပုလင်းဖြင့် ဇိမ်ကျကျ ထိုင်နေကာ သူ၏ အရှေ့တွင် သီးသန့် ဖျော်ဖြေပေးနေသည့် အဖော်အချွတ်မယ် တစ်ယောက်ကို ကြည့်နေသည်။ ထိုမယ်လေးသည် နှာခေါင်းထိ လုံသည့် မျက်နှာဖုံး အနက်ရောင်ကို ဝတ်

ထားသည်။ တစ်ကိုယ်လုံးတွင်တော့ ဘာအဝတ်အစားမှ မရှိ ... စိတ်လွတ်ကိုယ်လွတ်ဖြင့် စားပွဲဝိုင်းရှိ တိုင်ကို ဖက်တွယ်တက်ကာ ဖျော်ဖြေ နေတော့သည်။

"မြွေပွေး ... မင်းကြည့်ရတာ တစ်ခုခု ဖြစ်နေသလား"

ထိုစဉ် စားပွဲနားသို့ လူတစ်ယောက် ရောက်လာရင်း ထိုင်နေသည့်သူကို စိုးရိမ်သည့် သဘောဖြင့် မေးလိုက်သည်။

"အင်း ... တစ်ခုခု ဖြစ်နေတယ် ... ဒါပေမဲ့ အားလုံး အဆင်ပြေတယ် ... အလုပ်ကိစ္စနဲ့ မပတ်သက်တဲ့ personal မို့လို့"

"ဟုတ်ပြီဗျာ ... personal ဆိုလည်း ငါဆက်မမေးတော့ဘူး ... ဒီည မင်းဆီလာတဲ့ angel က အချောလေးနော်"

အရှေ့တွင် ရှိနေသော အဖော်ချွတ်မယ်ကို ကြည့်ကာ ပြောလိုက်ခြင်းဖြစ်သည်။

"ပြောစရာ ရှိနေလား ... မရှိနေရင် တစ်ယောက်တည်း နေမလို့ ထွက်သွားပေးပါလား"

"မရှိပါဘူး ... မရှိပါဘူး ... နေပါ ... နေပါ ... ငါထွက်သွားပေးပါ့မယ် ... goodnight မြွေပွေး"

"Goodnight"

ထိုသူထွက်သွားတော့ အဖော်အချွတ်မယ်ကိုလည်း ဖျော်ဖြေနေတာ ရပ်ခိုင်းလိုက်သည်။ ပြီးနောက် ဘောင်းဘီ အိတ်ကပ်ထဲမှ ဆေးထုပ်ဆန်ဆန် အနက်ရောင် အထုပ် သေးသေးလေးကို ပေးလိုက်သည်။

"ငါ့မျက်စိရှေ့မှာ မနေနဲ့ ... ဆုချတယ် သဘောထားပြီး သွားလိုက်တော့"

"Angel တို့ ကူညီနိုင်တာ ရှိရင် ပြောပါ"

ထိုသို့ဆိုကာ Angel လေးက စားပွဲဝိုင်းမှ ထွက်သွားတော့သည်။ သို့မှ မြွေပွေးခေါ်သူ မင်းဒသသည် သက်ပြင်း အရှည်ကြီး ချလျက် ခွက်ထဲရှိ သောက်လက်စ ဝီစကီကို အကုန် မော့ချ လိုက်သည်။

မင်းဒသ (သို့) မြွေပွေး ... ...

မှောင်ခို လောကတွင် ကျော်ကြားသည့် Scorpion ဂိုဏ်း ဘက်တော်သား ... scorpion တစ်ကောင် ဖြစ်ရုံမက scorpion ဂိုဏ်းကို အနာဂတ်တွင် လက်ပြောင်းယူမည့် ဆက်ခံသူဆိုလည်း မမှားပေ။ မင်းဒသ၏ အကြည့် တစ်ချက်ဖြင့် သူ့လက်နှင့် သတ်စရာ မလိုအောင် အနောက်မှ ရှင်းပစ်မည့် သူက အဆင်သင့် ... မင်းဒသဆိုသည့် နာမည်နှင့် လိုက်စွာ ဒသဆန်သည့် သူ့စိတ်ကို လူအများက ဖိတ်ဖိတ်တုန်အောင် ကြောက်ရသည်။

ထိုသို့ အန္တရာယ်များသည့် မင်းဒသသည် တက္ကသိုလ်ကျောင်းသား ဖြစ် နေသည်မှာ အတော်ပင် ကြာနေပြီ ဖြစ်သည်။ ကျောင်းပျော်နေ၍တော့ မဟုတ် ... သူ့အတွက် ကျောင်းသားတစ်ယောက် လိုနေရတာက ပိုပြီး နေသာစေ၍ ဖြစ်သည်။ ထို့ကြောင့် ပြဿနာ တစ်ခုမဟုတ်တစ်ခု အမြဲ ရှာသည်။ ကျောင်းပြောင်းသည်။ မိသားစုကတော့ သူ့ကို တကယ်ကို တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရစေချင်သည်။ သူ့ရဲ့ အနာဂတ် ပိုသေချာစေရန် ဖြစ်သည်။ သို့သော် သူကတော့ နေသာသလိုသာ နေသည်။ ယခု တက်နေ သည့် တက္ကသိုလ်တွင်ရော သူအခြေခိုင်ပါဦးမလားကတော့ မပြောနိုင် ...။

ဟိုကောင်လေး ... ရှိုင်းသွင်ဆိုသည့် ကောင်လေး final year ချင်း တူပေမဲ့ အသက်အရွယ် အားဖြင့်တော့ သူ့ထက်ငယ်မည်။ အလွန်ဆုံး ၂လ ... ၃လ လောက်ပေါ့။ သူနဲ့ စတွေ့တဲ့နေ့က တစ်ယောက်နဲ့ တစ်ယောက် ဝင်တိုက်မိ ခဲ့ကြသည်။ စိတ်တို သွားရုံကလွဲလို့ စိတ်ထဲ ဘာမှ မကျန်ခဲ့တာ အမှန်။ သို့ပေမဲ့ သူ့ကို အားကစားရုံဘက်မှာ အိပ်နေတာ ထပ်တွေ့တော့ အကြောင်း

သိချင်လာသည်နှင့် တမင် သွားစခြင်း ဖြစ်သည်။ အစက လက်မပါဘူးဟု တွေးထားသေးသည်။ စိတ်ဆတ်တဲ့သူ ဖြစ်သည့် အလျောက် ကိုယ့်အပေါ် စကားနဲ့တောင် အတင်အစီး မခံနိုင်သည့် လူမျိုး။ ဒီလို လူမျိုးအပေါ်ကို ငါး နှစ်သားဟု လာခေါ်သည်။ ရယ်ပါ ရယ်နေသေးသည် ဆိုတော့ စိတ်က ချက်ချင်း တိုလာမိပြီး ဆွဲထိုး မိတော့သည်။

ကျွန်တော့် စိတ်ထဲ ပြဿနာသည် အဲဒီကတည်းက စလာသည်။ နောက် တစ်နေ့ မနက် ထပ်တွေ့တော့ လမ်းလယ်ခေါင် တည့်တည့်မှာ အတွေးလွန် ပြီး လမ်းလျှောက်နေတော့ ကျွန်တော် ထပ်ပြီး သွားစမိပြန်သည်။ သူ ကတော့ ဆိုင်ကယ်က သူ့ကို တိုက်လိုက်မည်ဟု တွေးထားပုံ ရသည် ... ဘယ်လို အရူးလေးလဲ။ ဆံပင်က ဟိုထောင် ဒီထောင်နှင့် နီကြောင်ကြောင် လေး ... အသားကလည်း ဖြူလိုက်တာမှ ရောဂါသည်လိုပင် ... ဝတ်ထား တော့ အင်္ကျီက မိုးပြာရောင် နုနုလေး ... ဘောင်းဘီ အရှည် အနက်နှင့်။ ဂစ် တာတစ်ဖက်၊ လွယ်အိတ်တစ်ဖက် လွယ်ထားပြီး တောင့်တောင့်ကြီး ရပ် ကာ မျက်လုံးစုံ မှိတ်ထားပုံက ဘာရုပ်မှန်းကို မသိ။ သူ့ကို ကြည့်ရတာ ကလေးရုပ် မပျောက်သေးသည့် လူကြီး ပုံစံမျိုး။

နောက်တော့ သူ့သူငယ်ချင်း အဖွဲ့က ကောင်တွေနှင့် ရန်ဖြစ်သည်။ ပထမ ဆုံး ရက်တည်းက ဒီကောင်တွေနှင့် သူ့ကို မြင်ဖူးထားသည်။ ဒါပေမဲ့ ဒီ ကောင်တွေက သူနဲ့မတူ ... ကျွန်တော်နဲ့ ထိပ်တိုက် တွေ့ချင်နေကြသည့် သူ တွေ ... အဲဒီတော့ ပညာ ပြပေးရသည်ပေါ့။ သူ့ခမျာ အဲဒီနေ့က သနားစရာ ... တော်တော် ပူသွားမှာ ... ခေါက်ဆွဲပြုတ် အရည်တွေက ရင်ဘတ်ပေါ် ကျ ပြီး အငွေ့တထောင်းထောင်း ဖြစ်နေတာ ... ကျွန်တော်လည်း သူ့လက်ထဲ ရေဘူး ကိုင်လာတာ တွေ့တော့ ဘာမှ စဉ်းစားမနေဘဲ ရေလောင်း ချမိလိုက် တယ်။ ပေတိပေစုတ် ရုပ်ကလေး ဖြစ်သွားရော ...။ ဟက် ... တကယ်ကို

ဘာရုပ်မှန်း မသိတာ ... မျက်နှာလေးက ငယ်လို့ ... ငိုမဲ့မဲ့က ဖြစ်နေသေးတယ် ... ဒီအရွယ်ပဲ ရောက်နေပြီ။

ကျွန်တော် အံ့ဩတာ သူက ကျွန်တော့်ကို sorry ... ကျေးဇူးပါလို့ ပြောတာကိုပဲ။ သူ့စိတ်က သူများနဲ့ မတူဘူး ဆိုတာ သိလိုက်ရတယ်။ ကျွန်တော်နဲ့ သူစိမ်းတွေကြားထဲ ဘယ်သောအခါမှ မရှိဘူးတဲ့ ဆက်ဆံရေးမျိုး သူ့မှာရှိတယ်။ အဲဒါကို စိတ်ထားကောင်းတယ်ပဲ ခေါ်ရမလား ...။

ဒီနေ့လည်း ဒီကောင်လေး ကျွန်တော် လာလို့ ကံကောင်း သွားသည်။ မဟုတ်လျှင် အရှိန်လွန်ပြီး တစ်ခုခု ဖြစ်သွားနိုင်သည်။ တကယ်ပါပဲ ... ယောကျ်ားလေး ဖြစ်ပြီး ဒီလောက်တောင် ရန်မဖြစ် တတ်တာလား။ သူ့သူငယ်ချင်း ကောင်ကိုတော့ ကြည့်မရပေမဲ့ ဒီကောင်လေးကိုတော့ ကျွန်တော် ဂရုစိုက်ချင် မိသည်။ သူ့ကို ဝိုင်းထိုးတဲ့ ကောင်တွေကိုတော့ ကျွန်တော် သတိပေးပြီးပြီ။ ကျောင်းမှာ နာမည်ကြီးတဲ့ ဓိုးအဖွဲ့ ... ကျွန်တော့် လက်အောက်မှာတော့ ဒုရက်တည်းနဲ့ ပြားပြားကို ဝပ်လို့။ တကယ် ဒီတစ်ခါ သူ့ကို ထပ်ထိရင် သူတို့ လက်တွေကို ကျွန်တော် ဖြတ်ပစ်မိမည် ထင်သည်။

မင်းဒသအ ကြောင်း တစ်ခန်းရပ် ... ... ...

***

ကျွန်တော့် ခုတင်ပေါ်တွင် ဟိုဖက်လှိမ့်လိုက် ဒီဖက် လှိမ့်လိုက်ဖြင့် လူးလိမ့် နေမိသည်။ တကယ်ပါပဲ ... မင်းဒသ အကြောင်းက ခေါင်းထဲက မထွက် ... ကျွန်တော့်ကို ဆေးခန်း လိုက်ပို့ပေးသွားတာ သူတဲ့ ... ပြီးတော့ ချီပြီးတော့နော် ... အား ... ရှီး ... ဘယ်လို အခိုက်တန့်လေး ဖြစ်နေလိုက်မလဲ။ ကျွန်တော့် အတွေးဒီဂရီက ၃၆၀ မက ကျော်နေပါပြီ။

မင်းဒသသည် အနောက်တိုင်းဆန်ဆန် ကြည့်ကောင်းနေသည့် မျက်နှာမျိုး ပိုင်ဆိုင်သည်။ မဲနက်သည့် ဆံပင်တွေကို ဂျယ်လိမ်းကာ အနောက်ဖက်

သို့ သပ်ရပ်စွာ ဖီးတင်ထားသည့် style၊ မျက်ခုံး ကောင်းကောင်းတို့ကလည်း တစ်ခုနှင့်တစ်ခု ထိလုမတတ် ... ကျွန်တော် ဘာလို့ ရင်တွေ ခုန်နေမိတာလဲ။

ဒါပေမဲ့ သူ့ကို နည်းနည်းတော့ ကြောက်သည်။ ကြမ်းကြမ်းတမ်းတမ်း ပုံစံရှိမယ့်အပြင် အပြောအဆို တွေကလည်း ကျွန်တော် ကြုံခဲ့ဖူးသလောက် အတော်ကို မကောင်း။ ကျောင်းရောက်တာ ၃ရက်ပဲ ရှိသေးတာကို ရန်၂ပွဲ ဖြစ်ပြီးနှင့်ပြီ။ ပြီးတော့ ကျွန်တော့် သူငယ်ချင်းတွေနဲ့ ...။ တိုက်ဆိုင်ချက်က ကြောက်စရာပင်။ ဒါပေမဲ့ ဘာလို့ ကျွန်တော့်ကို ကောင်းကောင်းမွန်မွန်တွေ ဆက်ဆံနေတာလဲ ... အင်း ... အရမ်း အကောင်းကြီးတော့ မဟုတ်ပေမဲ့ ကျွန်တော့်ကို လက်သီးနဲ့ တစ်ချက် ထိုးခဲ့တာက လွဲပြီး ဘာမှ ထပ်ရန်မရှာတော့တာ ... ဆေးခန်းတောင် ချိုပြီး ပို့သွားသေး ... အာ ... အဲဒီအကြောင်း ကျွန်တော့်ကို ဘယ်သူမှ ဘာမှ မပြောခဲ့ရင်ကောင်းမှာပဲ ... အခုတော့ ကျွန်တော် တကယ်ရှူးနေပြီ။

မနက်ဖြန် သူ့ကို ကျောင်းမှာတွေ့ရင် ကျေးဇူးတင်ပါတယ် သွားပြောရင် ကောင်းမလား ... သွားပြောရင် သူကျွန်တော့်ကို ဘယ်လို တုန့်ပြန်မှာလဲ ... ပြီးတော့ သူငယ်ချင်းတွေ မသိအောင် ပြောရမှာ ... အဆင်ပြေပါ့မလား ... မပြေစရာတော့ မရှိပါဘူး ... ကျွန်တော့်ကို ကူညီတာပဲ ... ကျွန်တော် ကျေးဇူးတင်ကြောင်းတော့ သွားပြောရမှာပေါ့။

ဟူး ... ...။

ဒီညသည် ရှိုင်းသွင်နှင့် မင်းဒသတို့၏ အိပ်၍ မပျော်သော ညနှစ်ည ဖြစ်သွားကြတော့မည် ထင်သည်။

***

## Chapter 4

မနေ့က Dr. အရောင်ကျဆေးနှင့် အကိုက်ခဲပျောက်ဆေး ပေးလိုက်သည်က အတော်ပင် အကျိုးထူးသည်။ အညိုကွက်များနှင့် အနည်းငယ် ပေါက်ပြဲနေမှုတို့က လုံးလုံး မပျောက်သေးသော်လည်း အရောင်ကျဆေးကြောင့် ကြည့်ရတော့ မဆိုးနေ ...။ ကျွန်တော် ကားပါကင် ထိုးအပြီး ကားပေါ်က မဆင်းသေးဘဲ ဟိုကြည့် ဒီကြည့် လုပ်နေသေးသည်။ ဟိုတစ်ယောက်ကို တွေ့လို တွေ့ငြားပေ့ါ။ သို့သော် အကြောင်းမထူး ...။

ရှိုင်းသွင် တစ်ယောက် ကျောင်းအပေါက်ဝ ရောက်သည်နှင့် ရွှန်းက ဘယ်က ဘယ်လို သူ့ဆီ ပြေးလာမှန်း မသိ ...။

"ရှိုင်း ... အဆင်ပြေရဲ့လား ... ရွှန်း ရှိုင်းအကြောင်းကို ကြားတယ် ... ချစ်ပြောပြတာ"

"အာ ... ပြေပါတယ် ... ဆေးခန်း သွားထားလိုက်တော့ အတော်လေး နေရတာ အဆင် ပြေပါတယ်"

"ကြည့်ပါဦး ... မျက်နှာ လှလှလေးတော့ ထိရက်စရာတောင် မရှိတဲ့ဟာကို"

ရွှန်းစကားကြောင့် ကျွန်တော် ရှက်သွားမိသည်။ ဘယ်လိုကြီးပါလိမ့် ... မျက်နှာ လှလှလေးတဲ့ ...။

"ရွှန်း သူငယ်ချင်းတွေကို စောင့်နေတာလား"

"မဟုတ်ဘူး ... သူငယ်ချင်းတွေက ရောက်ပြီ ... ရှိုင်းခဏနေ လာလိမ့်မယ်

ဆိုပြီး ချစ်က ပြောသွားလို့ စောင့်နေတာ"

ဪ ... ဘယ်လိုတောင် ပွင့်လင်းမှု ရှိနေသော ကောင်မလေးပါလိမ့်။

"ဟို ..."

"ရှိုင်း ကော်ဖီ ကြိုက်လား ... ရွှန်း ကော်ဖီ လိုက်ဝယ်တိုက်မယ်လေ ... ပြီးရင် အတန်းတက်ဖို့ အတူတူ သွားကြမယ်"

ရှိုင်းသွင် ဘာမှ ထပ်ပြီး ပြောချိန်မရလိုက် ... ရွှန်းက လက်မောင်းကို ဆွဲဖက်ပြီး ကန်တင်းဘက်သို့ ခေါ်လာသည်။

မှားနေပြီ ... မှားနေပြီလို့ ... စိတ်နဲ့ ကိုယ်နဲ့များ ညစ်ပါရဲ့။

Social major မှ princess က ကျွန်တော့် လက်မောင်းကို ဆွဲကာ ခေါ်လာသည်မို့ အနည်းနှင့် အများတော့ လူကြည့် ခံရသည်။ ရွှန်းသည် ကော်ဖီရောင်းသည့် ကောင်တာဆီကို ရောက်တော့ ...

"ရှိုင်း ဘာသောက်မလဲ"

"Latte သောက်မယ်လေ"

"အို့ ... ရှိုင်းကို black တို့ Americano တို့ ကြိုက်မယ် ထင်ထားတာ"

"အဲဒါတွေက အရမ်းပြင်းလို့ မသောက်နိုင်ဘူးလေ"

"ရွှန်းလည်း အတူတူပဲ ... latte ကြိုက်တယ် ... ဟို ... latte နှစ်ခွက် ပေးပါနော်"

ရွှန်းဆီမှ ပိုက်ဆံ မထုတ်ခင် ကျွန်တော် အရင် ဦးအောင်ထုတ်ပြီး ပေးလိုက်သည်။

"အာ ... ဘာလုပ်တာလဲ ... ရွှန်း ဝယ်တိုက်ပါမယ် ဆိုတာကို"

"မဟုတ်တာပဲ ... ကျွန်တော် ဝယ်တိုက်ပါ့မယ် ... နောက်တစ်ခါပေါ့"

"ဒါဆိုလည်း thank you ပါ ... ဟီး"

ကျွန်တော်နှင့် ရွှန်း ကော်ဖီခွက်လေးတွေ ကိုယ်စီ ကိုင်ကာ ကန်တင်းမှ ပြန်ထွက်လာသည်။

"ဒီနေ့ ရှိုင်းဂစ်တာ မပါဘူး"

"အင်း ... ကျွန်တော်ဒီနေ့ စန္ဒယား တီးရမှာမို့ စိတ်ထဲ ရှုပ်နေတာနဲ့ မသယ်လာခဲ့တာ"

"ဘာလဲ ... ဘာလဲ ... E-major play အတွက် နောက်ခံ စန္ဒယား တီးပေးမှာလား"

ရွှန်းက ကျွန်တော့်အား ကြည့်ကာ စိတ်လှုပ်ရှားစွာဖြင့် မေးတော့ ...

"အင်း ... ကျွန်တော် တီးရမှာ"

"Wow ... အားကျစရာပဲ"

"အဲဒီလိုလည်း မဟုတ်ပါဘူးလေ ... ရွှန်းကရော ပြိုင်ပွဲမှာပါလား"

"ရွှန်းက ကျောင်းမဂ္ဂဇင်းအတွက် လုပ်ပေးရမှာဆိုတော့ မပါဖြစ်ဘူး ... သတင်းထောက်တော့ လိုက်လုပ်မှာပေ့ါလေ ... အဲဒီနေ့ ရှိုင်းကို interviewမယ်"

"ဟဟ ..."

ဒီလိုနဲ့ပဲ ရွှန်းနှင့် ကျွန်တော် လမ်းခွဲဖို့ ဖြစ်လာသည်။ ရွှန်းက အပေါ်ထပ်သို့ တက်ရမည်ဖြစ်ပြီး ကျွန်တော့် အတန်းက အောက်ထပ်တွင်ပဲ ရှိသည်။

"ကဲ ... ဒါဆို ရွှန်းသွားတော့မယ် ... ကော်ဖီဝယ်တိုက်တာ ကျေးဇူးပဲနော် ... နေ့လယ်စာ စားချိန်ပြန်တွေ့မယ်"

"အာ ... ဟုတ်ပါပြီ"

ရွှန်း ထွက်သွားသည့်တိုင် ကျွန်တော် ကော်ဖီတစ်ခွက်နှင့် ယောင်လည်လည် နေတုန်း ... မနက်က အိမ်မှာ ကော်ဖီ သောက်လာခဲ့သည်။ မသောက်ရသေးသည့် ကော်ဖီကို အရိပ်ပဲ တိုက်လိုက်မည်ဟု တွေးလိုက်သည်။ ပြောလည်း ပြောပြရဦးမည် ... ရွှန်းအကြောင်း။ ဒါနဲ့ ကျွန်တော် တစ်စုံတစ်ယောက်ရဲ့ အရိပ်အယောင်ကို ဒီနေ့ မမြင်ရသေးပါလား။

***

မင်းဒသ ညကသောက်သည့် အရှိန် များသွားပြီး ဒီမနက် အတော် ထယူလိုက်ရသည်။ ဒါတောင် ခေါင်းက ရီဝေဝေ ဖြစ်နေတုန်း ...။

မင်းဒသ တစ်ယောက် အပေါ်ပိုင်း ဗလာကျင်းပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။ မနေ့ညက အိမ်ပြန် အိပ်ဖြစ်ခဲ့သည်လေ ...။ အောက်ထပ်သို့ ရောက်သည်နှင့် ထမင်းစားခန်းသို့ တန်းဝင်ပြီး ရေခဲသေတ္တာဖွင့်ကာ ရေအရင် ယူသောက်လိုက်သည်။

"Oh ... morning ... သားလေး"

မင်းဒသ အနောက် လှည့်မကြည့်လည်း မည်သူ နှုတ်ဆက်နေသည်ကို သိသောကြောင့် ...

"Morning ... အဘွား"

"You တအား ရိုင်းတာပဲ ..."

ထိုသို့ ပြောကာ မင်းဒသ၏ နောက်ကျောပြင်သို့ စိုက်ကြည့်နေသော မိန်းမလှလေး တစ်ဦး ...။ မင်းဒသ ကျောပြင်တွင် ကင်းမြီးကောက် အနက်ရောင်ပုံကို တက်တူးအပြည့် ထိုးထားသည်။ ဒါသည် scorpion ဂိုဏ်းသားများ၏ အမှတ်သားတစ်ခု ... သို့သော် ဂိုဏ်းသား အားလုံးသည် ဂုတ်နေရာ

တွင်ပဲ tattoo ထိုးကြရသည်။ မင်းဒသကတော့ သူများနှင့် မတူအောင် ကျောပြင်အပြည့် ထိုးထားသည်။ ထိုကျောပြင်ကို စိုက်ကြည့်နေသော မိန်းမလှလေးသည်လည်း မနက်စောစော ရေကူးလာပုံ ရသည်။ Two-piece နှင့် အပေါ်မှ အဖြူရောင် အပါးသား ဝတ်ရုံကို ဝတ်ထားသည်။

"အဘိုးရော"

မင်းဒသ ထိုမိန်းကလေး ဘက်သို့ ပြန်လှည့်လာပြီး မေးလိုက်သည်။

"လေ့ကျင့်ခန်း လုပ်နေတယ် ... you ဆာနေပြီလား"

မင်းဒသ မျက်ခုံး ပင့်ကြည့်သည်။

"တို့က မနက်စာကို မေးတာပါ ... အပန်း မကြီးရင် မင်းအဘိုးကို သွားခေါ်လိုက်တော့ ... breakfast ready လို့"

မင်းဒသသည် ထိုမိန်းကလေးကို ထားခဲ့ပြီး ထမင်းစားခန်းမှ ထွက်သွားသည်။ ထိုမိန်းကလေးသည် တခြားသူတော့ မဟုတ် ... မင်းဒသ အဘိုးဖြစ်သူ၏ တစ်ဦးတည်းသော ဇနီးလေး ...။ အသက်ကတော့ မင်းဒသနှင့် ရွယ်တူပင် ...။ ချောတာ၊ လှတာကတော့ မော်ဒယ် ရှုံးမည်။ ထို့ကြောင့်လည်း အဘိုးရဲ့ အသည်းကျော် ဖြစ်နေလား မသိ။ မင်းဒသကိုလည်း မထင်ရင် မထင်သလို ပလီပလာ လုပ်တတ်သေးသည်။ အဘိုးကို ချစ်သော်လည်း သူနှင့် အကြော သိပ်မတည့်တာကြောင့် အိမ်မှာ မနေဖြစ်သည်က မဆန်းပေ ...။

"အဘိုး ..."

ခြံ၏ လျှောက်လမ်းတွင် အလေးတုံး မကာ လေ့ကျင့်ခန်း လုပ်နေသော အဘိုးဖြစ်သူကို မင်းဒသ လှမ်းခေါ် လိုက်သည်။ ဦးဝမ်း(U One) သည် မင်းဒသဘက်သို့ တအံ့တသြ လှည့်ကြည့်ရင်း ...

"ဟေ ... ငါ့တစ်ဦးတည်းသော မြေးလေး အိမ်ပြန်လာလို့ပါလား"

"အင်း ... အဘိုး ကြည့်ရတာ ပိုပြီးတောင် fit ဖြစ်လာသလိုပဲနော်"

"အဘိုးက ကျန်းမာအောင် နေနေတာကို ... အားဆေးလည်း သောက်တယ်လေ"

ဦးဝမ်း စကားကြောင့် မင်းဒသ ရယ်လိုက်သည်။

"ဘာလဲ ... မင်းရော အားဆေး မသောက်ဘူးလား ... တွေ့ရာအားဆေး လိုက်သောက် မနေနဲ့ဦး ... အန္တရာယ်များတယ်"

"တော်ပါ အဘိုးရာ ... ဘာအားဆေးမှ မသောက်ဘူး ... စိတ်ရှုပ်လို့"

ဦးဝမ်း မင်းဒသ၏ မှုန်ကုပ်ကုပ် မျက်နှာကို ကြည့်ပြီး ...

"ဘာတွေ စိတ်ရှုပ်စရာ ရှိနေလဲ ... တစ်ခုခုဆို ငါ့မြေး အားလုံး ရှင်းလို့ ရနေရဲ့သားနဲ့ ဘာတွေ ရှုပ်နေတာတုန်း"

"အဲဒီလို ရှင်းလို့ရရင်တော့ ရှင်းပါတယ် ... အခုက ကျွန်တော့်စိတ်ထဲ ရှုပ်နေတာမို့ ရှင်းလို့ မရသေးဘူး ... ထားပါ ... မနက်စာ စားမယ်တဲ့ ... Rose ခေါ်နေတယ်"

"တစ်ခုခု ရှင်းမရရင် အဘိုးကို သတိရနော် ... လာ ... မနက်စာ သွားစားမယ်"

ဦးဝမ်းက မင်းဒသကို ပခုံးဖက်ကာ အိမ်ထဲသို့ ပြန်ခေါ်သွားသည်။ မိသားစုဝင်ဆိုလို့ ဒီအဘိုးနှင့် ဒီမြေးသာ ရှိသည်မို့ ဂရုတစိုက် အမြဲရှိကြသည်။

"ကျောင်းတက်ရတာ ဘယ်လိုလဲ ... အားလုံး အဆင်ပြေရဲ့လား ... ဒီကျောင်းကနေတော့ ထပ်ထွက်ဖို့ ကြံဦးမှာ မဟုတ်ပါဘူးနော်"

"အဲဒီမေးခွန်းကို လောလောဆယ် မဖြေတတ်ဘူး ..."

"ဘာလဲ ... ကျောင်းမှာ အပြိုင်ဆိုင် တစ်ခုခု ရှိနေပြီလား"

"ဘာမှမရှိပါဘူး ... အဲဒီအကြောင်းကြီး ပြောလို့မရဘူးလား ... မနက်စာစားမယ့် စိတ်အစဉ်ကို မပြောင်းချင်ဘူး"

"အင်း ... ဒါပေမဲ့ ဘွဲ့လေးတော့ ရအောင် ယူပါဦး ... အဘိုးတို့က လူတစ်ယောက် နှစ်ဘဝနဲ့ နေရမှာကို မမေ့နဲ့ဦး"

မင်းဒသ ဆက်ပြီးတော့ ဘာမှ ထပ်မပြောတော့ မနက်စာစားရန် ခုံတွင် ဝင်ထိုင်လိုက်သည်။ Rose ကတော့ မင်းဒသနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်နေသည်။ ဦးဝမ်းကတော့ စားပွဲ၏ ထိပ်ဆုံးတွင် ထိုင်သည်။

"အားလုံး အဆင်ပြေရဲ့လား ဒီမြေးအဖိုး နှစ်ယောက်"

Rose က အသံချိုချိုလေးဖြင့် မေးတော့ ဦးဝမ်းက ပြုံးလျက် ...

"ပြေပါတယ် ... ဒီမြေးဆိုးလေးကို လိမ္မာအောင် ပြောနေရတာပေါ့ ထုံးစံအတိုင်း"

"မြေးလေးက အဘိုး ခေါင်းကိုက်အောင် မလုပ်နဲ့ပေါ့"

"လောလောဆယ် ခေါင်းကိုက်နေတာက ကျွန်တော်"

မင်းဒသ ထိုသို့ပြောပြီး စားပွဲပေါ်၌ အသင့် ရှိနေသည့် မုန့်များကို တစ်ခုပြီးတစ်ခု ကောက်စား နေလိုက်သည်။ ဦးဝမ်း အတွက် Roseက နွားနို့ခွက်ထဲ ကြက်ဥနှစ်လုံး ဖောက်ထည့်ပေးပြီး ပေါင်မုန့်ကို ထောပတ် သုတ်ပေးကာ ခွံ့ကျွေးနေသည်။

ထိုအချက်များကို ကြည့်မရသော်လည်း တစ်ခါတလေတော့ အဘိုးကို ဂရုစိုက်ပေးနေသည် မြင်လျှင် စိတ်ထဲ သက်သာရာတော့ ရသည်။ အဘိုးက ကျန်းမာသန်စွမ်း ဖျတ်လတ်တုန်း ဆိုပေမဲ့ အသက်က ၇၀ ရှိလာပြီလေ ...။ ကျွန်တော်က အိမ်တောင် မကပ်သည့် သူဆိုတော့ အဘိုးကို ထိုသို့ ဂရုစိုက်

ပေးမည့်သူ ရှိတာ စိတ်ချရသည်။ အသက်အရွယ်က အရမ်း ကွာဟနေပေမဲ့ လို့ လင်မယား ဆိုတော့လည်း ဒီလိုပုံတွေကတော့ ရှိဦးမှာပေါ့လို့ မြေးဖြစ်သူ ကျွန်တော်ကပဲ နားလည်ပေးလိုက် ပါတော့သည်။

***

"ဟဲ့ ... ရှိုင်း ... ဘယ်တွေ အတွေး လွန်နေတာလဲ"

အရိပ်က ကျွန်တော့် ဂုတ်ကို လာရိုက်မှ လူနဲ့သတိက ပြန်ကပ်လာသည်။

"ဟင် ... ဘာလဲ"

"ဒီမှာ ရွှန်း မေးနေတယ်လေ ... sunday ရုပ်ရှင် သွားကြည့်ကြမလားတဲ့ ... hello ... နင်ဘာတွေ ဖြစ်နေတာလဲ ... မနေ့က အရှိန်ကြောင့် တစ်ခုခုများ ထိသွားသေးလား"

မေးလည်း မေးချင်စရာပါပင် ... ကျွန်တော့်စိတ်က ကျေးဇူးတင်ထိုက်သူကို ကျေးဇူးတင်ဖို့ရာ လူပျောက်နေသည်နှင့် စိတ်နှင့်လူက မကပ်ချင်။ တကယ်ပါပဲ ... ဘာဖြစ်နေသည် စဉ်းစားမရ ...။ ဒီနေ့ ကျွန်တော်တို့ နေ့လည်စာ ဝိုင်းသည် အရင်နေ့များထက် ပိုကြီးနေသည်။ အကြောင်းက ရွှန်းတို့ သူငယ်ချင်း သုံးယောက် ပိုတိုးလာခြင်းကြောင့် ...။ သူတို့ စကားပြောနေသည့် ကွန်ရက်ထဲက ကျွန်တော် တစ်ခါတလေ မကြားတစ်ချက် ကြားတစ်ချက်ဖြင့် ဟိုဖိုးအဖွဲ့ကို လိုက်ရှာမိသည်။ မင်းဒသကို တွေ့လို တွေ့ငြားပေါ့ ...။ ဒါပေမဲ့ ဖိုးအဖွဲ့ရော မင်းဒသပါ ပျောက်နေသည်။

"အင်း ... သွားကြည့်ကြမယ်လေ"

"ဒါဆို လူအများကြီးပေါ့ ... ပျော်စရာကြီး"

ရွှန်းက ဝမ်းသာအားရဖြင့် ထပြောသည်။ ဘယ်တည်းက ကျွန်တော့်ဆီက အဖြေကို စောင့်နေကြလဲ မသိ။ ကျွန်တော် ပြန်ဖြေတော့မှ စကားဝိုင်းက

ပြန်ဆူညံလာသည်။

"ဒီနေ့ ဟိုအဖွဲ့ ပျောက်နေတယ်နော်"

"ဘာလဲ ... လွမ်းနေလို့လား"

စည်သူ့ စကားကို ကျော်မင်းသူက ခနဲ့တဲ့တဲ့ ပြန်မေးသည်။

"မဟုတ်ဘူး ... ကျောင်းများ အနားခံလိုက်ရပြီလားလို့"

"ဟင် ... ဘာလို့ နားမှာလဲ ... ရန်ဖြစ်တော့ ဆရာတွေနဲ့ ကျောင်းစောင့်တွေမှ မသိတာကို ... warning ထိရုံ လောက်ပဲပေါ့"

ရှိုင်းသွင် စကားကြောင့် အားလုံးက သူ့ဆီသို့ ဓာတ်စောင်း လာကြသည်။

"အာ ... ငါက ငါ့အမြင်ကို ပြောပြတာ"

ထိုသို့ ပြောပြီး ကျွန်တော့်ရဲ့ ထမင်းကြော်ကိုသာ အာရုံစိုက်ကာ ငုံ့စား နေလိုက်သည်။ ဆက်ရန် ဘာမှ မရှိတော့တာ ... နားတော့ လည်ပါသည်။ ဒါပေမဲ့ ကျွန်တော်ကျတော့ နည်းနည်း သူတို့နဲ့ မတူဘူးလေ။

"ဒါနဲ့ ရှိုင်း ... ငါအခုမှ သတိရတယ် ... မင်းကို မေးမလို့"

ရှိုင်းသွင် ဝေယံ့ကို ပြန်မော့ကြည့်ကာ ...

"အင်း ... မေးလေ"

"အဲဒီကောင်တွေနဲ့ ရန်မဖြစ်ခင် ... မင်းမျက်နှာကို လာကိုင်တဲ့ ကောင်ကို ငါပိတ်မကန် လိုက်ခင်ကွာ ... အဲဒီကောင်က မင်းကို ဟိုတစ်နေ့က ကောင်လေးလို့ ပြောလိုက်သလိုပဲ ... မင်းကို သူတို့အဖွဲ့ ဘာလုပ်ထားကြလဲ"

အခုလည်း အားလုံးက သိချင်စိတ်ဖြင့် ရှိုင်းသွင်ဆီ အကြည့်တွေအကုန် ရောက်လာကြပြန်ပြီ။

"အာ ... အဲဒါက ... တကယ်တော့ ဘာမှ မဟုတ်ပါဘူးကွာ ... သူတို့ထဲက

တစ်ယောက်နဲ့ ဝင်တိုက်မိတာ ... သူတို့ အကြောင်းလည်း သိတဲ့အတိုင်းပဲ ... ဒါပေမဲ့ ငါ့ကိုဘာမှ မလုပ်လိုက်ပါဘူး"

"ငါတို့ကို ဘာလို့ မပြောတာလဲ"

အရိပ်က ကျွန်တော့် လက်ကို လာရိုက်ရင်း မေးသည်။

"အာ ... ဝင်တိုက်တဲ့ ကိစ္စလောက်လေးကို ငါက ပြောရမှာလား"

"ဒါပေမဲ့ နင်သိတဲ့အတိုင်း သူတို့က ရှုးနေတာဟဲ့ ... ဒီနေ့ကိစ္စကို နောက် တစ်ပတ် နေမှလည်း ထပြီး ရန်ဖြစ်ချင်ဖြစ်တာ ... နင့်ကိုဆို ပိုစိတ်မချဘူး"

"အေးပါဟာ ... အခုငါလည်း အတော် ခံလိုက်ရပါပြီ ... ပြီးတာက ပြီးပြီ ... ထားလိုက်တော့"

"တီသွင် ဆူသေးလား"

"မဆူတော့ မဆူပါဘူး ... ဆူတာက ငါ့အစ်ကိုကြီး ယံယံ ... အဲဒီနေရာမှာ သူသာဆို အဲဒီငါးကောင် မဆန့်တငင် ဖြစ်မယ်ဆိုလားပဲ ... သူက ငါ့ကို ကြည့်ပြီး ကြိတ်မနိုင် ခဲမရတွေ ဆူနေတာ"

"ဟဟ ... ဖြစ်ရမယ် ယံယံကတော့ ... ညကျရင် နင့်အိမ်လာမယ်နော် ... တီသွင့်ကို ဟင်းကောင်းကောင်းလေး ချက်ကျွေးပါ ပြောပေး"

"ငါ့အမေက အားတာ ဆိုတော့လေ ... ပြီးရင် ငါပဲ ချက်ကျွေးရမယ့် အရေး ကို ငါ့အမေကို ကျော်လွှမ်းနေသေးတယ်"

"နင့်ကို တန်းပြောရမှာ အားနာလို့ ... ဟီး"

ဟိုက် ... အရိပ်နှင့် ကျွန်တော် နှစ်ယောက် တစ်ကမ္ဘာလို ပြောနေမိပြန်ပြီ။ ကျော်မင်းသူကတော့ ဘာမှ မပြောပေမဲ့ မျက်နှာတော့ မကောင်း ... သူ့ ဘာသာ စားစရာရှိတာ စားနေသည်။ သောကြာနေ့ဆို အရိပ်က ကျွန်တော့် အိမ် လာနေကြ ... တကယ်တော့ သောကြာနေ့မှ မဟုတ်ပါဘူး ... လာချင်

တဲ့အချိန် လာနေတာ ... ဒါပေမဲ့ သောကြာနေ့ဆိုရင်တော့ ထုံးစံလိုပင် သူစားချင်သည့် ဟင်းဖြစ်ဖြစ် မုန့်ဖြစ်ဖြစ် ကျွန်တော်က လုပ်ကျွေးရသည်။ ပြီးလျှင် အရိပ်က တစ်ပတ်လုံး မကြည့်ပဲ စုထားတတ်သည့် ရုပ်ရှင်များကို ညလုံးပေါက် ကြည့်သည်။ ပြောရရင် ကျွန်တော်နဲ့ အချိန်ဖြုန်းသည်ပေါ့ ... နည်းနည်းတော့ သူများကြားရင် တစ်မျိုးကြီး ဖြစ်နေမယ် ဆိုပေမဲ့ အရိပ်နဲ့ ကျွန်တော်ကတော့ အခုလိုမျိုး နေလာတာ အခုမှ မဟုတ်တော့ ဘာဆိုဘာမှ စိတ်ထဲမရှိ။ သူ့အိမ်နှင့် ကျွန်တော့် အိမ်ကလည်း ထိုသို့နေသည်ကို ဘာမှမပြော ... ကျွန်တော်တို့ တစ်ယောက်အပေါ် တစ်ယောက် မောင်နှမသံယောဇဉ်က လွဲပြီး ဘာစိတ်မှ ထပ်မရှိကြတာ နားလည်ကြသည်လေ။ ကျွန်တော် ကိုယ်တိုင်ကလည်း တကယ်ကို ဘာစိတ်မှ မရှိသည့် သူဆိုတော့ ... ဒါပေမဲ့ အင်း ... အရိပ်ရဲ့ကောင်လေး နေရာက ဆိုရင်တော့ ကျွန်တော် နားလည်ပါတယ်။ အရိပ်နဲ့ အဲဒီအကြောင်းလည်း ပြောရမယ်။

ချစ်ရိပ်မေနှင့် ရှိုင်းသွင်တို့ ဆက်ဆံရေးကို တစ်မျိုး မြင်နေသူ နောက်တစ်ယောက်လည်း ရှိနေပါသေးတယ် ... သူကတော့ ရွှန်း ... ရှိုင်းသွင်နှင့် ချစ်ရိပ်မေက ဒီလောက်တောင် အနေနီးသလား ဆိုသည့် အကြည့်ဖြင့် တအံ့တသြ ကြည့်နေမိသည်။

***

"ယံယံ ... ဟော့ကောင် ငါမင်းကျောင်းရှေ့ ရောက်နေတာ အတော်ကြာပြီ ... guide အချိန် မပြီးသေးလို့လား"

"ဟာ ... bro ... မေ့လို့ ... ကျွန်တော်အခု အပြင်မှာ ကျောင်းမှာ မဟုတ်ဘူး ... guide အချိန်ပြီးတာနဲ့ bro ဆီ ph ဆက်မယ်ဆိုပြီး မဆက်ဖြစ်တာ"

"ဘာ"

ရှိုင်းသွင် အသံကုန်အဆုံးထိ အော်ချလိုက်သည်။

"အားလား ... what the fuck"

"ယံယံ ... မဆဲနဲ့ ငါမကြိုက်ဘူး ... မင်း ကျောင်းဝတ်စုံကြီးနဲ့ ဘာလို့ အပြင် ရောက်သွားရတာလဲ"

"ကျောင်းဝတ်စုံနဲ့ သွားမလား ... သူငယ်ချင်းဆီက အင်္ကျီ ယူဝတ်တာပေါ့"

"ငါက အိမ်ပြန်လို့ မေမေနဲ့ တွေ့ရင် ဘယ်လိုပြောရမလဲ"

"မေမေကဖြင့် အိမ်ကို ညမိုးချုပ်မှ ပြန်လာမယ့် အရေးကို ... စိတ်ပူမနေနဲ့ ... အိမ်သာပြန်တော့ ... ဒါပဲ bro ရာ ... ကျွန်တော့်ကို ပူမနေနဲ့ ... ပွားမနေနဲ့ တော့"

"ငါလုပ်လိုက်ရ ..."

ရှိုင်းယံဘက်က phအရင် ချသွားသည်။ ရှိုင်းသွင်တစ်ယောက် စိတ်က ပို တို သွားသည်။ ဒီနေ့ ကျောင်းမှာ အရမ်း ပင်ပန်းလာရတာ ... ပြီးတော့ စိတ် ကလည်း သိပ်ပြီး မလန်းဆန်း ... လူက ခြေပစ်လက်ပစ် အိပ်ယာပေါ် ဒိုင် ဗင် ထိုးချင်နေပါသည်ဆိုမှ သူ့ကို လာကြိုပေးရသည့် အရေးကို လာမကြိုနဲ့ ဆိုလည်း ကြိုမပြောတော့ စိတ်မောပြီး စိတ်ပိုတိုလာသည်။

ရှိုင်းသွင် စိတ်တိုတိုနှင့် ကျောင်းရှေ့မှ ကားမောင်း ထွက်လာသည်။ ကျောင်းနှင့် မီးပွိုင့်က မလှမ်းမကမ်းလေးမှာ ရှိနေတာမို့ ကားကို မောင်းနေ သည့် အရှိန် လျှော့လိုက်သော်လည်း နောက်ကျ သွားသည်။ ရှိုင်းသွင် ကား ခေါင်းက စည်းမျဉ်းအဖြူ တားထားသည်ထက် ကျော်လွန်ကာ ထွက်သွား တော့ ကွေ့ကြောဘက်မှ ကားနှင့် မလွတ်ပဲ တိုက်မိသည်။ ကွေ့ကြောဘက်မှ ကားကလည်း အရေးကြီးပုံပေါ်သည် ... မီးပွိုင့် စိမ်းသည်နှင့် ဝုန်းခနဲ ထွက် လာသည့်အချိန် ရှိုင်းသွင်ကလည်း အရှိန်များနေသည်နှင့် အံကိုက် ဖြစ်သွား သည်။ လမ်းလေးခွ ဆုံရာ နေရာမို့ ယာဉ်ထိန်းရဲက ရှိနေသည်။ ရှိုင်းသွင်

အတော်ကို စိတ်ညစ် သွားသည်။

ရှိုင်းသွင်သည် အတိုက်ခံရသူ ဖြစ်သော်လည်း သူသည် မီးနီ ဖြတ်မောင်း သလို သဘော ရောက်သွားသောကြောင့် သူ့အမှား ဖြစ်သည်။ ရှိုင်းသွင်ကား ရော ကွေ့ကြောဘက်မှ ကားပါ လမ်းဘေးအလွတ် တစ်နေရာတွင် ချရပ် လိုက်ရသည်။ ရှိုင်းသွင်တောင် ကားပေါ်မှ မဆင်းရသေး တစ်ဖက် ကားပေါ် မှသူက အရင် ဆင်းလာသည်။ သူ့ခမျာ ထိတ်လန့်တကြား ပုံစံနဲ့ ... ရှိုင်းသွင် လည်း ကားပေါ်က အမြန် ဆင်းလိုက်သည်။

"ဟေး ... ညီလေး ... ဘာဖြစ်သွားသေးလဲ ... အဆင်ပြေရဲ့လား ... တစ် နေရာရာများ ထိသွားသေးလား ... အရမ်း လန့်သွားလား"

မှားသည့်သူက ကျွန်တော် ဖြစ်နေသော်လည်း တစ်ဖက်မှသူက တရစပ် ကို ကျွန်တော့်အား စိုးရိမ်သည့် အမူအယာဖြင့် မေးခွန်းများ မေးနေ တော့သည်။ ကျွန်တော့်ခမျာ သူ့ကို ဘာပြန်ပြောရမှန်း မသိ ကြောင်ပြီးသာ ကြည့်နေမိသည်။

"ညီလေး ... ကြောက်စရာ မလိုဘူးနော် ... ဒါက ဖြစ်တက်တယ် ... ညီ အရှိန် လွန်လာတာကို အစ်ကို သိတယ် ... အစ်ကိုလည်း အလောတကြီး ကွေ့ချလိုက်တာကွာ"

"နေ ... နေပါဦး အစ်ကိုရဲ့ ... ကျွန်တော် ဘာမှ မဖြစ်ပါဘူး ... ကျွန်တော့် အမှားပါ ... ကျွန်တော် ကားကို အရှိန် အရမ်းတင်မိလို့ ဖြစ်သွားတာပါ"

ထိုစဉ် ယာဉ်ထိန်းရဲ ရောက်လာသည်။ အစကတော့ ယာဉ်ထိန်းရဲသည် စကားစမလို့ ပါးစပ်ပြင်တုန်း ရှိသေး ကျွန်တော့် အရှေ့က အစ်ကို့ကို မြင်သည်နှင့် ...

"ဩော် ... မင်းကိုး ..."

"အေးဗျာ ... ကျွန်တော် စိတ်လောနေတာနဲ့ အခုလို ဖြစ်သွားတယ်"

"ဒါပေမဲ့ ဒါက မင်းမှားတာ မဟုတ်ဘူးလေ ... သူ့ကားက စည်းကို တစ်ဝက်တောင် ကျော်ထွက်နေပြီ"

"အာ ... ထားလိုက်ပါ ... ကျွန်တော်နဲ့ သူပဲ ဒီကိစ္စကို ရှင်းလိုက်မယ် ... အဆင်ပြေပါတယ် ... ပြီးတော့ သူလည်း ကျွန်တော့်လို အလောတကြီး ဖြစ်နေတာ နေမယ်"

ရှိုင်းသွင် အလယ်မှနေ၍ သူတို့နှစ်ယောက် စကားပြောတာကို ကြည့်နေမိသည်။ ဘယ်လိုတောင် စိတ်ထား ကောင်းလွန်းတဲ့ သူပါလိမ့် ... ယာဉ်ထိန်းရဲနဲ့လည်း တစ်ယောက်နဲ့ တစ်ယောက်က ရင်းနှီးနေပုံ ရသည်။ သူပြောသမျှ ယာဉ်ထိန်းရဲက ခေါင်းညိတ် နေရသည်။ ပြီးနောက် ကျွန်တော့်ဘက်သို့ လှည့်ကာ ...

"ကဲ ... ညီ ... နောက်ဆို ကားကို ဖြည်းဖြည်းမောင်း ... ဘာအကြောင်းပဲရှိရှိ ... ကားကိစ္စကို မေ့လိုက်တော့ ဟုတ်ပြီလား ... နောက်ကို သတိထားပြီး ဆင်ခြင် ... ဒီတစ်ခါ ဒီဦးလေးက ခွင့်လွှတ်လိုက်မယ် ... အစ်ကိုကလည်း ကိစ္စမရှိတာမို့ ညီ သွားလို့ရပြီ"

သူ့စကားကြောင့် ကျွန်တော့်မှာ ဝမ်းသာမျက်ရည်တောင် စို့သွားသည်။ ဘယ်လိုတောင် သဘော ကောင်းလွန်း လှတာလဲ။

"ဟို ... အစ်ကို ... အစ်ကို့ နာမည်လေး ကျွန်တော် သိလို့ရမလား ... အစ်ကို့လိပ်စာ card လေးပဲ ဖြစ်ဖြစ်ပေါ့"

"နာမည်က မင်းခန့ ... အစ်ကို့မှာ လိပ်စာcardတော့ မရှိဘူးကွ"

"ဩော် ... ဟုတ်ကဲ့ ... ကျွန်တော့်ကို ခွင့်လွှတ်ပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ် ... တကယ် ကျေးဇူးတင်ပါတယ်"

"ရပါတယ်ကွာ ... နောက်တွေ့ရင် နှုတ်ဆက်ပေါ့"

"ဟုတ်ကဲ့ အစ်ကို ဒါဆို ကျွန်တော့်ကို ..."

"ဟုတ်ပါပြီ ... ကားကို သတိထားမောင်းသွား"

"ဟုတ်ကဲ့"

ကျွန်တော် ကားပေါ် ပြန်တက်ပြီးသည်အထိ ကိုမင်းခနသည် ယာဉ်ထိန်းရဲနှင့် စကားပြောက မပျက်သေး ... ရယ်ရယ်မောမောတောင် ဖြစ်နေသေးသည်။ သူက ဘာလဲတော့ မသိပေမဲ့ အရင်က ယာဉ်ထိန်းရဲဟောင်းများလား ... တော်ပါပြီ ... ကျွန်တော့် ကိစ္စလည်း မဟုတ်ပါဘူးလေ။ ကျွန်တော့်ကိစ္စက ကားအရှေ့စောင်းလေး ချိုင့်သွားတာလေးပဲ ... မေမေနဲ့တော့ စကား ပြောရတော့မည်။

***

## Chapter 5

Ding-Dong

အိမ်ရှေ့ bellတီးသံကြောင့် ရှိုင်းသွင်သည် ဆိုဖာပေါ် လှဲနေရာမှ ထကာ တံခါး သွားဖွင့် လိုက်သည်။

"ခွီး ... ဟားဟား"

တံခါး ဖွင့်လိုက်သည်နှင့် ချစ်ရိပ်မေ ပုံစံကို ကြည့်ကာ မရယ်ဘဲ မနေနိုင်တော့ ...။ ကလေးမဟုတ် သူငယ်မဟုတ် ဝတ်လာသည့် ညအိပ်ဝတ်စုံက Teddy Bear ရုပ် ... ခေါင်းစွပ်လေးပါ စွပ်ထားသေးတာ။

"အရိပ် ... နင်ဘာတွေ လုပ်လာတာလဲ ... ဟားဟား"

"မရယ်နဲ့ဟ့ ... Dad Dad လိုက်ပို့တာနဲ့ပဲ အားကိုးရှိလို့ ဝတ်လာတာ ... ဖယ်စမ်း"

ရှိုင်းသွင်ကို အတင်း တွန်းဖယ်ပြီး အိမ်ထဲသို့ ဝင်လာသော ချစ်ရိပ်မေ ...။

"ဘယ်သူမှ မရှိကြဘူးလား"

အရိပ်က တစ်အိမ်လုံးကို ဟိုကြည့် ဒီကြည့် လုပ်ရင်းဖြင့် မေးသည်။

"အင်း ... ငါ့အဖေက နေပြည်တော် သွားတယ် ... ငါ့အမေကတော့ ထုံးစံအတိုင်း ညဆယ်နာရီပေါ့ ... ယံယံကတော့ မသိဘူး"

"အယ် ... ယံယံက ဒီအချိန် အိမ်မှာ စာလုပ်နေရမှာလေ ... ဘယ်တွေ လျှောက်သွား နေတာတုန်း"

ရှိုင်းသွင် 'မသိဘူး' ဆိုသည့် သဘောဖြင့် ပခုံးနှစ်ဖက် တွန့်ပြသည်။

"ဟဲ့ ... ပြီးတော့ နင့်ကားက အရမ်း လှနေတယ်နော်"

"သြော် ... အစထဲက မြင်ရဲ့သားနဲ့ ငါ့ဘာဖြစ်လဲတောင် အရင် မမေးဘူး"

"မေးမလို့ပဲ ... နင်က အလတ်ကြီး ဖြစ်နေတော့ ... ငါ့ကိုပါ ရယ်လိုက်သေးတယ် ... အဲဒါကြောင့် အမြင်ကပ်လို့"

"သွား ... ပြန်တော့ ... ဘာမှ လုပ်မကျွေးတော့ဘူး"

"မသိဘူး ... ရှိတာ စားမှာပဲ"

ထိုသို့ပြောပြီး ခုန်ပေါက်ကာဖြင့် မီးဖိုချောင်ထဲ ဝင်သွားသော ချစ်ရိပ်မေကို ကြည့်ကာ ရယ်မိသေး ပြန်သည်။ သူငယ်နာ မစင်သေးတဲ့ သူလိုပဲ ...။

"ဟဲ့ ... နင် ငါ့ chocolate ဘူးကို မထိနဲ့နော်"

အစား သောင်းကျန်းသည့် သူ့ပါးစပ်ထဲ ကျွန်တော့် ချောကလက်တွေ မပါစေရန် အော်ပြီး သတိပေးရ သေးသည်။ ပြောလည်း ပါမည်ဆိုပေမဲ့ မပြောလျှင် အကုန် ကုန်သွားနိုင်သည်။

***

စောစောစီးစီး Club ထဲ ရောက်နေသည့် မင်းဒသတစ်ယောက် တစ်ကိုယ်တည်း ထိုင်ကာ ထုံးစံအတိုင်း သောက်နေသည်ပေါ့။ ဒီည သူ့စိတ်အစဉ်သည် ပြင်းပြလျက် ရှိနေသည်။ ထို့ကြောင့် Angel များ၏ ဖျော်ဖြေချိန် မတိုင်မီ ထို club မှ အတော်ဆုံး Angel တစ်ယောက်ကို အခေါ် လွှတ်လိုက်သည်။

မင်းဒသ အတွက်ဆိုလျှင် ဘယ်အချိန်ဖြစ်ဖြစ် အရောက်လာချင်သည့် Angel များက ခပ်များများရယ် ... Sex God ဟု တင်စားခြင်း ခံရပါသော မင်းဒသ ... တစ်ခါ အတူရှိပြီးလျှင် နောက်ထပ် အခါပေါင်းများစွာ ထပ်ရှိစေချင်အောင် ညှို့အား ပြင်းလှပါသော စွဲမက်ဖွယ် ယောကျ်ား တစ်ယောက် ...။

"ဟေး ... အကူညီ လိုနေလား"

ထိုစဉ် အင်မတန် ဆွဲဆောင်မှု ရှိလှပါသော Angel အနား ရောက်လာသည်။ သူမသည် မျက်နှာဖုံး မစွပ်ထား ... ခန္ဓာကိုယ် အလှကို ထင်းခနဲ မြင်နိုင်သော အနက်ရောင် ဝတ်စုံကို ဝတ်ထားသည်။ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်သည် မြင်ရသူ ပုရိသအပေါင်းကို ဖမ်းစား နိုင်သည်။ ဒါကြောင့်လည်း ဒီ club တွင် သူမနှင့် အတူနေချင်လျှင် ဈေးအမြင့်ဆုံး ပေးရသည်မလား ...။

"ငါတို့ အခန်းတစ်ခန်း လိုအပ်မယ် ထင်တယ်"

"မလိုဘူး ... ငါဒီမှာပဲ နေချင်တယ်"

Angel ၏ သဘောထားကို ငြင်းဆိုကာ သောက်လက်စ ခွက်ကို လက်စသတ်ပြီး ဆိုဖာပေါ်သို့ ခြေပစ် လက်ပစ် မှီချလိုက်သည်။ မင်းဒသဘာလိုချင်နေသည်ကို သဘောပေါက်သော Angel ကတော့ ပြုံးကာဖြင့် ...

"Ok လေ ... ဒီကနေပဲ Angelက နတ်ပြည် ပို့ပေးမှာပေါ့"

ထိုသို့ ပြောကာ မင်းဒသ၏ ပေါင်ရင်းကြားသို့ သူမ၏ လက်သွယ်သွယ်လေး တစ်စုံကို နေရာ ချလိုက်သည်။ သို့ဖြင့် အရှိန်ယူကာ ရည်ရွယ်ချက်ပန်းတိုင်သို့ ဦးတည်လာနေသော လက်ကလေး ...။

ပန်းတိုင် ၁ ... ခါးပတ်ကို အသာအယာ ဆွဲဖြုတ်လိုက်သည်။

ပန်းတိုင် ၂ ... ဘောင်းဘီ ကြယ်သီးနှင့် ဇစ်ကို အသာဖွင့်လေပြီ။

ပန်းတိုင် ၃ ... Boxer အနက်ရောင်အောက်မှ မင်းဒသ၏ အာသာဆန္ဒတို့ စုဝေးနေတဲ့ နေရာလေး ဆီသို့ လက်ချောင်း သွယ်သွယ်လေးများ ရောက်ရှိသွားချိန် ...။

မင်းဒသကို တစ်ချက် ပြန်ကြည့်မိတော့ မျက်လုံးများ မှိတ်ထားသည်။

တကယ်တမ်း သာယာနေ၍ မဟုတ် ... သူ့စိတ် ဘာဖြစ်နေလဲ ပုံဖော်မရ၍ အတွေးလွန်နေခြင်း ဖြစ်သည်။

"ရပ်လိုက်တော့"

ခရီး အတော်ပေါက်နေပြီ ဖြစ်သောကြောင့် မင်းဒသ စကားကြားပြီး Angel ဘာဆက်လုပ်လို့ လုပ်ရမှန်းမသိ ဖြစ်သွားသည်။

"ဘာလဲ Angel လုပ်ပေးတာ သဘောမကျရင် နောက်တစ်နည်း ပြောင်းပေးရမလား ပြောလေ"

ထိုသို့ ပြောရင်း မင်းဒသ ပေါင်ပေါ်သို့ Angel က ခွတက် လာတာကြောင့် ပိုစိတ်ညစ်သွားပြီး တွန်းဖယ် မိလိုက်သည်။ အရှိန် မပြင်းသော်လည်း အခန့်မသင့်ပဲ Angel ခမျာ ဆိုဖာပေါ် မကျပဲ အောက်သို့ ပုံရက်သားလေး ပြုတ်ကျ သွားသည်။ သို့သော် မင်းဒသကတော့ ဂရုစိုက်မည့်ပုံ မပေါ် ... ဘောင်းဘီဇစ် ပြန်တပ်ပြီး ခါးပတ် ပြန်ဝတ်နေသည်။

"အားလုံး အဆင်ပြေရဲ့လား"

လာပါပြီ ... Bodyguard ... မင်းဒသရဲ့ Bodyguard တော့ မဟုတ် ... Angel တွေရဲ့ Bodyguard ... ဒါသည် Club က ပေးထားသည့် Angel များအတွက် ခံစားခွင့် ... ဤ Clubထဲတွင် အလုပ်လုပ်ရသည့် Angel များကို အထင်သေး၍မရ ... သူတို့ အားလုံးသည် Model များ တန်းတူ ချောသည်၊ လှသည်။ အနည်းဆုံး ဘာသာစကား ၂မျိုး ပြောတက်ကြသည်။ Angel တစ်ယောက်ချင်း စီအတွက် Bodyguard တစ်ယောက်စီ ရှိသည်။ Angel များသည် Club ထဲတွင်သာ Client များနှင့် ချိတ်ခွင့်ရှိသည်။ အပြင်တွင် ထပ်အလုပ် လုပ်၍မရ။ သို့သော် သူတို့၏ လစာကိုတော့ အထင် မသေးလေနှင့် ... ဖြုန်းလို့ လောက်သည်။

ဒီလို အလုပ်ကို သူတို့ ဘာကြောင့် ရွေးချယ်လုပ်သလဲ မေးကောင်း မေးနိုင်မည်။ ထို Club သည် တကယ့် ထိပ်သီးတွေ လာပျော်သည့်နေရာ ဖြစ်သည်လေ ... ထို့ကြောင့် တချို့ ဂိုဏ်းတွေက Angel အလုပ်လည်း လုပ်ရင်း ဂိုဏ်းအတွက် သတင်း ရှာကြသည်။ တချို့ကတော့ မှောင်ခိုပွဲစား ဘဝကနေ ဝင်လာကြသည့် သူတွေ ... ထို့ကြောင့် Angel များသည် တကယ့် လက်တွေ့ ဘဝမှာလည်း ကောင်းသည့် အလုပ်များ လုပ်နေသည့်သူများ တော့ မဟုတ် ... ဒီအလုပ်ကို ကိုယ့်သဘောနှင့် ကိုယ်သာ သဘောကျလွန်း၍ လာရောက် လုပ်ကိုင်နေကြခြင်း ဖြစ်သည်။ ဒီအတွက်ကြောင့် သူတို့ကို အထင်သေး၍ မရ ...။ သူတို့သည် လှသည်၊ လည်သည်၊ ထက်မြက်သည်။

ရောက်လာသည့် bodyguard ကို မင်းဒသ တစ်ချက် ကြည့်လိုက်သည်။ သက်တောင့်သက်သာ အကြည့်မျိုးတော့ မဟုတ် ... မြွေပွေးဆိုသည့် အတိုင်း မြွေပွေး အကြည့်နဲ့ ...။

"ရတယ် ... Angel ဘာသာ ပြုတ်ကျတာ ... အဆင်ပြေတယ်"

Angel က သူ့ဘာသာ ပြန်ထရင်း bodyguard ကို ပြောပြီး ထွက်သွားဖို့ ခေါင်းညိတ် ပြလိုက်သည်။ ထို့နောက် မင်းဒသကို ပြန်ကြည့်ကာ ...

"ဘာတွေ ဖြစ်နေတာလဲ ... အဆင် ပြေရဲ့လား"

"အဲဒါ မင်းကိစ္စ မဟုတ်ပါဘူး"

ထိုသို့ပြောပြီး မင်းဒသ ထိုနေရာမှ ထွက်သွားတော့သည်။ Club အပြင်သို့ ရောက်သည်နှင့် ဂျာကင် အိတ်ကပ်ထဲမှ မီးခြစ်နှင့် ဆေးလိပ်ကို တစ်ဖက်တစ်ချက်စီ ထုတ်ကာ အလျင်အမြန် မီးညှိပြီး စိတ်ငြိမ်အောင် တစ်ချက်နှစ်ချက် ရှိုက်ဖွာ လိုက်သည်။

Fuck ငါလိုချင်နေတာ ဘာလဲ ...

***

"အင်း ... စားလို့ ကောင်းလိုက်တာ ... နင်အတော်ဆိုးပဲ"

ညစာအတွက် အမဲသားပေါင်းနှင့် ကိုရီးယားစတိုင် ဟင်းရည် ချက်ကျွေးသည့်အတွက် အပျော်ကြီး ပျော်နေသည့် ချစ်ရိပ်မေဆီမှ ထွက်လာသော စကားသံ ဖြစ်သည်။

"စား ... စား ... သိလား ... ပြီးရင် gym ဆီ သွားပြီး အသားကုန် ပြေးလိုက်ဦး"

"ငါက ဝိတ်သိပ်မတက်ပါဘူးဟဲ့ ... ဝိတ်တက်တော့လည်း ငါ့သူငယ်ချင်းက ဒီလောက် အချက်အပြုတ် တော်နေတာကိုး ... ဟီး"

"ညာစားမ"

ထိုစဉ် အိမ်ရှေ့သို့ လူတစ်ယောက် ဝင်လာသည်ကို ကြားလိုက်ရသည်။ ဘယ်သူမှတော့ မဟုတ် ... ရှိုင်းယံ ဖြစ်သည်။ နောက်ဖေးဆီသို့ တန်းလာ၍ ...

"ဟာ ... ရှယ်ပဲ"

"တော်သေးတယ် ပြန်ရောက် လာသေးလို့"

ရှိုင်းသွင်က ခပ်ငေါ့ငေါ့လေး ပြောလိုက်တော့ ...

"ကိုကြီးကလည်း ... မေမေ့ကို ပြန်မပြောနဲ့နော်"

"အခုမှ ငါ့ကို ကိုကြီးမနေနဲ့ ... ပြောစရာရှိတာ ပြောရမှာပဲ ... မင်းတော်တော်လေး ဖွန်လိုင်း ရောက်နေလား"

"ဟာ ... broရာ ... ဒီညီလေး တစ်ယောက်တည်း ရှိတာကို ... ဟီး ... ညစာလေး ဝင် joinလို့ ရလား"

"မရဘူး ... သွား ... ကိုယ့်နေရာ ကိုယ်နေ ... အပြင်က စားလာပဲ့လား ... ဘာလို့ ငါချက်တာ လာစားမလို့ စဉ်းစားနေတာလဲ"

ရှိုင်းသွင် သူ့ကို စိတ်ဆိုးနေမှန်း ရှိုင်းယံ သိပါသည်။ ထို့ကြောင့် မျက်နှာချို သွေးကာ အစ်ကိုနားကို ပူးပူးကပ်ကပ် ဝင်ထိုင် လိုက်သည်။ ပြီးနောက် ပခုံး ချင်း အသာယာ တိုက်နေကာ ...

"ကိုကြီးကလည်း ... နောက်ဆို ဒီလို မလုပ်တော့ပါဘူး ... ဒီညီလေး အကြောင်းလည်း သိသားနဲ့ ... နော် ... နော်"

"ဟာကွာ ..."

"ရှိုင်း ... နင်ကလည်း ယံယံကို ကျေအေး ပေးလိုက်ပါ ... ကလေးက တောင်းပန်နေပြီပဲကို"

အရိပ်က ကျွန်တော်တို့ နှစ်ယောက် ပုံစံကို ကြည့်ရင်း ရယ်မောကာ ဝင် ပြောသည်။

"ဟုတ်တယ် ... မမအရိပ်ပြောတာ မှန်တယ် ... နော် ... ကိုကြီးကလည်း ... ဗိုက်ဆာတယ် ... ကိုကြီးက ဒီလောက်တော်တာကို အပြင်မှာ စားလာစရာ လား ... ကိုယ့်အစ်ကို ချက်တာပဲ ကြိုက်တာ"

အဲဒစကားကတော့ မှန်သည်။ သူဘယ်လောက်ပဲ အပြင်မှာ စားလာ၊ စား လာ ကျွန်တော် ချက်ထားသည့် ထမင်းနဲ့ ဟင်းမှ မစားရရင် သူမနေနိုင် ... ပြန်လာတာနဲ့ ဘာရှိလဲဆိုပြီး ကျွန်တော် ချက်တာ မှန်သမျှ အကုန် စားသည်။

"နားငြီးတယ်ကွာ ... ပေါင်းအိုးထဲမှာ ရှိသေးတယ် ... သွားထည့်စားချေ ... မေမေ့အတွက် ဦးဖယ်ထားပေးပြီးပြီ"

"ဒါမှပေ့ါ bro"

ရှိုင်းယံက စပ်ဖြီးဖြီး လုပ်ကာ ရှိုင်းသွင် ပခုံးကို ပုတ်ပြီး မီးဖိုချောင်ထဲ ဝင်ပြေး သွားသည်။

"ငါလုပ်ထည့်လိုက်ရ"

"ယံယံက တကယ့် ငပြောင်"

အရိပ်က ကျွန်တော်တို့ကို ကြည့်ရင်း အားကျနေသည့် ပုံစံဖြင့် ပြောသည်။ အရိပ်မှာ ညီအစ်ကို မောင်နှမ မရှိ … တစ်ဦးတည်းသော သမီးဖြစ်သည်။ ထို့ကြောင့် သူကျွန်တော့်ကို အတော်ကို စွဲစွဲလန်းလန်း ခင်သည်။ ချစ်သည်။ သူလည်း ပြောသည်။ သူ့ဘဝမှာ ကျွန်တော့်လောက် အချစ်ပိုသည့် သူငယ်ချင်းမျိုး မရှိခဲ့ဖူးဘူး ဟူ၍ …။

ပြီးလျှင် အရိပ်အဖေက နောက်အိမ်ထောင် ထပ်ပြုထားသည်။ အရိပ်၏ အမေသည် အရိပ် အထက်တန်း ကျောင်းပြီးတော့ ဆုံးသွားခဲ့သည်။ အရိပ် ဒုတိယနှစ်မှာ သူ့အဖေက နောက်အိမ်ထောင် ထပ်ပြုခဲ့သည်။ အသက် ငယ်ငယ်ထဲက မဟုတ် … ကျွန်တော့် မေမေနှင့် သက်တူရှိမည့် ခပ်ချောချော သန့်သန့်ပြန့်ပြန့် မိန်းမတစ်ယောက် … အရိပ်အပေါ်တွင်လည်း ကောင်းကောင်းမွန်မွန် ဆက်ဆံ ပေးတတ်သည့် သူမျိုး ဖြစ်သည်။ အစပိုင်းတော့ အရိပ်ဘက်က လက်မခံနိုင်ပေမဲ့ နောက်ပိုင်းတော့ သူတဖြည်းဖြည်း စိတ်လျှော့ပြီး လက်ခံ ပေးလာခဲ့သည်။ ကျွန်တော်နှင့်လည်း အရိပ်မိထွေး ဖြစ်သူနဲ့ ခင်ခင်မင်မင်ပင် … အစပိုင်း အသား မကျပေမဲ့ နောက်ပိုင်းတော့ ပုံမှန်လိုပင် ပြန်ဖြစ်လာသည်။

"ကဲ … မမ အရိပ်ရောက်နေတာ ကြာပြီလား … ဒီနေ့ Friday ဆိုတော့ အချိန် လာဖြုန်းတာပေါ့"

ရှိုင်းယံသည် အရိပ် ဘေးနားသို့ သွားထိုင်ကာ စကား ဖောင်ဖွဲ့နေသည်။ အရိပ်ကလည်း ယံယံကို မောင်လေးသဖွယ် ချစ်သည်။

"အင်း ... ကြာပြီ ... ဒါနဲ့ ယံယံ စာကြိုးစားနော် ... အချိန်ကို ဖြုန်းတော့ ဖြုန်း ... ဒါပေမဲ့ သတိတော့ ရှိပါစေ"

"အင်းပါ ... တစ်ခါတလေပါ"

"ဘာလဲ..ကောင်မလေး ထပ်ရနေပြန်ပြီလား"

"အာ ... မရပါဘူး ... မရချင်တော့ဘူး ... ရချင်ရင် အလွယ်လေး ... အခု တောင် ဘေးမှာ ခါချနေရတယ်"

"Aww ... အေးပေါ့ cele ဆိုတော့လည်း ... ငါတွေ့ပါတယ် ... fb cmt တွေကို"

ရှိုင်းသွင် ထိုနှစ်ယောက်ကို အကဲခတ် ကြည့်နေသည်။ အရိပ်ကတော့ ဘာမှမဖြစ်ပေမဲ့ ယံယံသည် အရိပ်ကို တော်တော်လေး နူးနူးညံ့ညံ့ ကြည့်နေသည်ကို သတိထားမိသည်။ ဘာလဲ ... ဒီကောင် ငါ့သူငယ်ချင်းကို စိတ်ဝင်စား နေတာလား။

"အဟမ်း ... ငါ့အဖတ် လုပ်ကြဦး"

ရှိုင်းသွင်က ချောင်းဟန့်ကာ ပြောတော့မှ ...

"နင်က အမြဲ တွေ့ရတယ်လေ ... ငါ့မောင်က အခုမှ တွေ့ပြီး ဆုံးမနေရတာ"

"ဟင် ... မှတ်သားစရာပဲ"

"ပြီးတော့ နင်က အဘိုးကြီးလေ ... ယံယံနဲ့ ငါက type တူဆိုတော့ စကားပြောလို့ ကောင်းတယ်"

"အေး ... type တူတာတော့ ငါသိတယ် ... ငါ့ဆို အကောင်း မပြောကြဘူးလေ ... ပြီးရင် ငါ့ပဲ အပူ လာကပ်ကြတာ"

"ဟား ... ဟား..ဟား.."

ယံယံနှင့် အရိပ်တို့ နှစ်ယောက်သား ရယ်မောသံများက ထမင်းစားခန်း အတွင်း ပျံ့လွင့်လျက် ...။

***

"အရိပ် ..."

"အေး ... ဘာလဲ"

ညစာ စားပြီးကြတော့ ယံယံက သူ့အခန်း သူပြန်သည်။ ကျွန်တော်နဲ့ အရိပ် နှစ်ယောက်သား သိမ်းစရာ ရှိသည်များ သိမ်းပြီး အရိပ်ကတော့ ရုပ်ရှင်ကြည့်ဖို့ ဇာတ်ကားများ ရွေးနေသည်။ ကျွန်တော်ကတော့ ဆိုဖာပေါ်မှာ သူ့ကြည့်ပြီး မျက်စိ ညောင်းလာသည်နှင့် ပြောစရာ စကားကို စလိုက်သည်။

"နင်နဲ့ငါနဲ့ ကျော်မင်းသူရှေ့မှာ အနေထိုင် ဆင်ခြင်ကြရင် ကောင်းမယ်ထင်တယ်"

"ဆင်ခြင်တာပဲလေ ... ဘာလို့တုန်း"

"မဟုတ်ဘူးလေဟာ ... ငါတို့ နှစ်ယောက်ကို ငါတို့ထက် ပိုပြီး ဘယ်သူမှ သိကြတာ မဟုတ်ဘူး ... သူက နင့်ကောင်လေးလေ ... ပြီးတော့ သူက နင့်အပေါ် အတော် ကောင်းပေးတဲ့သူ ... နင်အရင် တွဲခဲ့တဲ့ ကောင်တွေနဲ့ တခြားစီပဲ ... အဲဒီလို ကောင်းတဲ့သူမျိုးကို ငါတို့ ပတ်သတ်မှုကြောင့် နင်နဲ့ မဝေးသွား စေချင်ဘူး"

"ဟက် ... ဟား ... ဟား ..."

"ဘာရယ်စရာ ပါလို့လဲဟ"

"နင့်အတွေးတွေက over ဖြစ်နေပြီဟဲ့ ... ငါသူ့ကို စမတွဲခင်တည်းက ပြောပြီးသား ... ငါနဲ့နင်က သူငယ်ချင်းဆိုတာထက် ပိုတဲ့သူတွေလို့ ... အဲဒီလိုပို

တာကလည်း friends with benefit မဟုတ်ဘူးလို့ ပြတ်ပြတ် ပြောပြီးသား ... သူလည်း သိနေတာပဲလေ ... သူနဲ့ ငါတို့ကလည်း same batch ပဲကို ... အဲဒါမှ အရမ်း သဝန်တိုလွန်း နေရင်တော့ ငါမတက်နိုင်ဘူး ... ငါ့ကို ရွေးချယ်မှု ပေးရင်တောင် ငါက နင့်ကိုပဲ ရွေးမှာ ... ငါ့ဘဝမှာ ငါ့အဖေပြီး ရင် နင့်ကို အချစ်ဆုံးပဲ ... ပြီးတော့ အဲဒီအချစ်က သူများတွေ ကဲ့ရဲ့နေသလို မဟုတ်ဘူး ... ငါတို့ ကိုယ့်အကြောင်း ကိုယ်သိတယ် ... အဲဒါဆို လုံလောက် ပြီ"

"အရိုပ်မရယ် ..."

"ငြီးမနေနဲ့ ... ပြီးတော့ မြွေအစာနင်သလို လုံမနေနဲ့ ... လာစမ်း ... ငါနဲ့ ရပ်ရှင် လာကူရွေး"

"ငါသရဲကား ကြည့်ချင်တယ်"

ရှိုင်းသွင် အရိုပ်ဘေးနားသို့ သွားပြီး ကားယားမှောက်ကာ အခွေများကို မွှေနှောက် ကြည့်နေ လိုက်သည်။

"ဒါနဲ့ ငါလည်း နင့်ကို ပြောစရာရှိတယ်"

"အင်း ... ပြောလေ"

"ရွှန်းက နင့်ကို အရမ်း သဘောကျနေတာ"

ရှိုင်းသွင် ထင်သားပဲ ဆိုသည့် သဘောဖြင့် သက်ပြင်း ချမိလိုက်သည်။ ချစ်ရိပ်မေက မျက်မှောင်ကြုတ် ကြည့်ကာ ...

"ငါအောင်သွယ်တော် လုပ်ပေးမလို့ ... သက်ပြင်းချမနေနဲ့"

"သေလိုက်ပါတော့ ... တော်စမ်း အရိုပ်ရယ် ... ငါမကြိုက်ဘူးဟ"

"ဟဲ့ ... ရွှန်းက နင့်လာကြိုက်တာ ကျေးဇူးတင် ... ဒီလောက် ချစ်စရာ ကောင်းပြီး ဖော်ရွေတဲ့ ကောင်မလေးကို ... သူလည်း ဧကရီနဲ့ ယှဉ်ရင် သူမ

သာ ကိုယ်မသာပါနော် ... နင်က ကြီးကြီးကျယ်ကျယ်နဲ့"

"ဟဲ့ ... ချောတာတွေ ... ချစ်စရာ ကောင်းတာတွေနဲ့ မဆိုင်ဘူးဟ ... ငါ့ စိတ်ထဲကနေ မကြိုက်တာကြီးကို ငါက ဘယ်လို လုပ်လို့ရမှာလဲ"

"နင်တို့ ယောကျ်ားတွေကလေ အဲဒီလိုပဲ ... အစပိုင်းမှာတော့ ချောတာ ချောတာ ... ပြီးရင် မရရင် သေတော့မယ့် ရုပ်လေးတွေ ဖြစ်လာရော"

"စိတ်ချ ... ငါအဲဒီထဲမှာ လုံးဝမပါဘူး ... ပါလာမှာလည်း မဟုတ်ဘူး"

"နင့်မှာ ချစ်ရမယ့်သူ ရှိနေလို့လား"

ရှိုင်းသွင် ခေါင်းခါ ပြသည်။ ချစ်ရိပ်မေက မသင်္ကာသည့် အကြည့်များဖြင့် ကြည့်နေလျက် ...

"မဖုံးကွယ်ထားနဲ့နော် အချင်းချင်းတွေကို"

"ဟော ... တကယ် ... ငါ့မှာ မရှိဘူး ... ငါ့မှာချစ်ဖို့ မိန်းကလေးဆိုလို့ ငါ့အမေနဲ့ နင်ပဲ ရှိတယ်"

"ငါ့ကြိုက်နေတာလား"

မထင်မှတ်ထားတဲ့ စကား ကြားလိုက်ရပြီး ရှိုင်းသွင် ခွက်ထိုး ခွက်လန် အော်ရယ်တော့သည်။ ချစ်ရိပ်မေ ကတော့ ကြောင်ကြည့် နေမိသည်။

"မိုးကြိုးတွေ ပစ်ကုန်မယ်ဟဲ့ ... ငါက နင့်ကို ကြိုက်မလား ... ကြိုက်တယ် ဆိုမှဖြင့် ငါကြိုးစားပြီးတာ ကြာလှပေါ့"

"မသိဘူးလေ ... friendship မပြတ်စေချင်လို့ မပြောတာလားလို့"

"ငါရယ်ရတာ အူတွေတောင် နာသွားပြီ"

"သေသွားရမှာ ... ဟဲ့ ... တကယ်လား ... ရွှန်းကို မကြိုက်ဘူးလား"

အရိပ်က ကျွန်တော့် ကျောကုန်းကို လာရိက်ကာ ထပ်မေးသည်။

"တကယ်ဆိုနေမှပဲ ... အောင်သွယ်လုပ်ရင် နင်ပဲ မျက်နှာပျက်မှာနော် ... မလုပ်နဲ့လို့ ငါသတိပေးလိုက်ပြီ ... ဆက်လုပ်ရင် ရွှန်းကို နင်ပဲ ယူလိုက်တော့"

"ယူစရာလားဟဲ့ ... အကောင်စုတ်ရဲ့ ... မိန်းကလေး အချင်းချင်းကြီး"

"ရွှန်းအတွက် ငါတကယ် အားနာပါတယ် ... ဒါပေမဲ့ ငါတကယ် သူ့ကို ဒီအတိုင်း ခင်ပေးရုံကလွဲလို့ ဘာခံစားချက်မှ ပိုလာမှာ မဟုတ်ဘူးဟ ... သူ့အတွက် ငါ့ထက်သာပြီး ကောင်းမယ့် သူတွေ အများကြီး ရှိပါသေးတယ်"

"ဒါမယ့် သူက အဲဒီဟာတွေ ပစ်ပြီး နင်မှနင် ကြိုက်သွားတာလေ ... နင်နည်းနည်းလေးတောင် မစမ်းကြည့်ချင်ဘူးလား"

"အရိပ်မရယ် ခက်တယ်ဟဲ့ ... ပြောရဆိုရ လက်ပေါက် ကပ်လိုက်တာ ... ရော့ ဒါကြည့်မယ် ... ရုပ်ရှင် ကြည့်ရင်းစားဖို့ ပေါက်ပေါက်ဆုပ်နဲ့ အအေးသွားလုပ်ပေးမယ်"

ရှိုင်းသွင် တစ်ယောက် စကားကြော ဖြတ်ချင်လာသည်နှင့် တွေ့သည့် ရုပ်ရှင်ကားကို အရိပ်လက်ထဲ ကောက်ထည့် လိုက်ပြီး နောက်ဖေးဘက်သို့ ထွက်သွားသည်။ အရိပ်က သူ့လက်ထဲမှ အခွေကို ကြည့်လိုက်တော့ "နာမည်ကျော် ဆရာတော်အရှင်သူမြတ်များ၏ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ" တဲ့။

"သေချင်းဆိုးလေး ..."

ချစ်ရိပ်မေရဲ့ ကျိန်ဆဲသံကို ကြားတော့ နောက်ဖေးမှာ အအေးဖျော်နေတဲ့ ရှိုင်းသွင် အော်ရယ် မိလိုက်သည်။ ပြီးနောက် တစ်ကိုယ်တည်း ခေါင်းတွင်တွင် ခါလိုက်ရင်း အတွေး တချို့က ဖြစ်ပေါ်လာသည်။

ကျွန်တော် တစ်စုံတစ်ယောက်ကို ချစ်ဖို့ ဖြစ်နိုင်ပါ့မလား။ ကျွန်တော့်

အတွက် တစ်စုံတစ်ယောက် ဆိုတာကရော ရှိလာဦးမှာလား။ အချစ်က ကျွန်တော်နဲ့ အဝေးကြီးမှာလိုပဲ။

***